# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဗြာဟ္မဏ**

နက်နဲသောပညာ ရှိသော၊ ထက်မြက်သောပညာ ရှိသော၊ လမ်းမှန်ဟုတ်သည် မဟုတ်သည်၌ လိမ္မာသော၊ အရဟတ္တဖိုလ်သို့ ရောက်ပြီးသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

ဗြာဟ္မဏဝဂ်(ဓမ္မပဒ-၄၀၃)


၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက် | ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၂၇ ရက်၊ တနင်္လာနေ့ | အတွဲ (၆၄)၊ အမှတ် (၁၁၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင်အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၇) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲတွင် တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်မြတ် အလှူခံရရှိတော်မူသော ဘဒ္ဒန္တသေဋ္ဌညာဏာလင်္ကာရ ဆရာတော်ထံသို့ ပေးပို့ဆက်ကပ်သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာ

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်

ဝမ်းမြောက်စွာလျှောက်ထားအပ်ပါသည်ဘုရား-

ယခုနှစ် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကို ယမန်နှစ်ကုန်ပိုင်းနှင့် ယခုနှစ် နှစ်ဦးအစတွင် ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ ဆဋ္ဌသင်္ဂါယနာမဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးတွင် ကျင်းပနေကြောင်း သိရှိရပါသည် ဘုရား။

တပည့်တော်အနေဖြင့် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာပေါ်တွင် အဆင့်မြင့်ဆုံး ရက်အရှည်ဆုံး ကျင်းပသည့် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် တိပိဋကဓရ ဘွဲ့တံဆိပ်တော်ရ၊ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရဆရာတော်များ ပေါ်ထွန်းစေချင်သည့် ဆန္ဒရှိပါသည် ဘုရား။

ထို့ကြောင့်ပင် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့ ဆရာတော်ကြီးများ အပြီးသတ်ဆုံးဖြတ်၍ထုတ်ပြန်လာမည့် အောင်စာရင်း စောင့်မျှော်နေခဲ့ရာ ဆရာတော်သည် ယခုနှစ် (၇၇) ကြိမ်မြောက် ကျင်းပသော စာမေးပွဲကြီးတွင် အဘိဓမ္မာ(နောက်ပိုင်း)ဖြစ်သော ယမကနှင့် ပဋ္ဌာန ဟူသော ခက်ခဲနက်နဲလှသော ကျမ်းနှစ်ဆူ၏ ခဲရာခဲဆစ် သဘောအဓိပ္ပာယ်များကို အောင်မြင်စွာ ဖြေဆိုနိုင်ခဲ့သဖြင့်

*စာမျက်နှာ ၃ ကော်လံ ၁* ○

# တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရရှိတော်မူသော ဆရာတော်ထံသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ဆက်ကပ်ပေးပို့သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၆

(၇၇) ကြိမ်မြောက် တိပိဋကဓရတိပိဋက ကောဝိဒရွေးချယ်ရေး စာမေးပွဲတွင် တိပိဋကဓရ တိပိဋကကောဝိဒ (၁၇) ပါးမြောက် ဘွဲ့တံဆိပ်တော်မြတ် ရရှိတော်မူသည့် ဆရာတော်ထံသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ဆက်ကပ်ပေးပို့သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာ ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၌ ကျင်းပသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖



တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်မြတ်ရရှိတော်မူသည့် ဆရာတော်ထံသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ဆက်ကပ်ပေးပို့သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာကို ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ဆက်ကပ်လှူဒါန်းစဉ်။


**ယနေ့ ဖတ် စ ရာ**

**ဖတ်စရာမှတ်စရာ ယူဂိုဆလားဗီးယား သမိုင်းသင်ခန်းစာ** — ဆောင်းပါး | စာ ၆

**ဘယ်လာရုစ်နိုင်ငံ၏ သမ္မတရွေးကောက်ပွဲ ကျင်းပ** — နိုင်ငံတကာသတင်း | စာ ၁၇

**အယ်လ်နီညိုရာသီနှင့် ဝါစိုက်ပျိုးထုတ်လုပ်မှု** — ဆောင်းပါး | စာ ၁၆

# လူတိုင်းကျန်းမာအသက်ရှည်ရေးအတွက် လေထုသန့်ရှင်းရေးဆောင်ရွက်

အာဆီယံနိုင်ငံအချို့မှ မြို့တော်များ ကမ္ဘာ့လေထုအညစ်ညမ်းဆုံး မြို့ကြီးများစာရင်းတွင် ပါဝင်နေသည်ဟု ပြည်ပသတင်းများအရ သိရသည်။ အခြားသတင်းတစ်ပုဒ်တွင် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သော ရန်ကုန်မြို့၏ ဇန်နဝါရီ ၆ ရက်နေ့ လေထုအရည်အသွေး (AQI) အညွှန်းကိန်းသည် အန္တရာယ်ရှိသည့် အနီရောင်အဆင့်သို့ ရောက်ရှိနေသည်ဟု ဆိုသည်။

လေထုညစ်ညမ်းမှုဆိုသည်မှာ လူတို့အသက်ရှူနေကြရသည့် လေထုထဲတွင် အန္တရာယ်ရှိနိုင်သည့် ဓာတ်ပစ္စည်းများ၊ အမှုန်အမွှားများ၊ ဇီဝပစ္စည်းများ ရောနှောပါဝင်နေပြီး လေထုအရည်အသွေး ကျဆင်းနေသည့် အခြေအနေပင်ဖြစ်သည်။ လေထုထဲတွင် ကာဗွန်မိုနောက်ဆိုက်(CO)၊ ဆာလ်ဖာဒိုင်အောက်ဆိုက်($SO_2$)၊ နိုက်ထရိုဂျင် ဒိုင်အောက်ဆိုက်($NO_2$) နှင့် အိုဇုန်း($O_3$)၊ (PM 2.5) နှင့် (PM 10) အမှုန်အမွှားများ စသည့်ညစ်ညမ်းပစ္စည်းများ အနည်းနှင့် အများဆိုသလို ရောနှောပါဝင်နေခြင်းအားဖြင့် လေထုညစ်ညမ်းမှုဖြစ်ပေါ်လာသည်။ အဆိုပါညစ်ညမ်းပစ္စည်းများသည် ယာဉ်များ၊ စက်ယန္တရားများ မောင်းနှင်ခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အမှိုက်မီးရှို့ခြင်း၊ စိုက်ပျိုးရေးအတွက် မီးရှို့ခြင်း၊ တောမီးလောင်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ ဖုန်မုန်တိုင်းတိုက်ခတ်ခြင်း စသည်ဖြင့် လူသားတို့ကြောင့်ရော သဘာဝတရားအရပါ ထွက်ပေါ်လာရခြင်းဖြစ်သည်။

လေထုအတွင်း ညစ်ညမ်းပစ္စည်းများပါဝင်မှုပမာဏကို လိုက်၍ နိုင်ငံတကာလေထုအရည်အသွေးအညွှန်းကိန်း (Air Quality Index–AQI) အဆင့်များခွဲခြားသတ်မှတ်ထားရာ AQI ညွှန်းကိန်း သုညအဆင့် (ကောင်းမွန်သည့်လေ) မှ ညွှန်းကိန်းအဆင့် ၅၀၀ (အများပြည်သူကျန်းမာရေးကို ချက်ချင်းအန္တရာယ်ပေးနိုင်) သည့် အဆင့်အထိ စုစုပေါင်း ခြောက်ဆင့်ခွဲခြားကာ အရောင်သတ်မှတ်ချက်များဖြင့်ဖော်ပြပေးသည်။ ညွှန်းကိန်းအဆင့် ၀ မှ ၅၀ အထိ (အစိမ်းရောင်– ကောင်းမွန်အဆင့်)၊ ညွှန်းကိန်း ၅၁ မှ ၁၀၀ အထိ (ပန်းရောင်ဖျော့–အလယ်အလတ်အဆင့်)၊ ညွှန်းကိန်း ၁၀၁ မှ ၁၅၀ အထိ (ပန်းရောင်ရင့်– ထိခိုက်လွယ်သူများအတွက် မကောင်းသည့်အဆင့်)၊ ညွှန်းကိန်း ၁၅၁ မှ ၂၀၀ အထိ (အနီဖျော့–ကျန်းမာရေးအတွက် မကောင်းသည့်အဆင့်)၊ ညွှန်းကိန်း ၂၀၁ မှ ၃၀၀ အထိ (အနီရင့်–ကျန်းမာရေးထိခိုက်စေသည့်အဆင့်)၊ ညွှန်းကိန်း ၃၀၁ နှင့်အထက် (အနီရောင်–ကျန်းမာရေးကို အန္တရာယ်ပေးသည့်အဆင့်) ဟူ၍သတ်မှတ်ထားရာ AQI ညွှန်းကိန်း ၁၅၀ ကျော်သည့်အဆင့်သို့ ရောက်ရှိလာပါက ပါးစပ်၊ နှာခေါင်းစည်း(Mask) များ ဝတ်ဆင်ရန် လိုအပ်ကြောင်း ကျန်းမာရေးပညာရှင်များက သတိပေးထားသည်။

ကမ္ဘာ့လူဦးရေ၏ ၉၉ ရာခိုင်နှုန်းသည် အရည်အသွေးညံ့ဖျင်းသည့် လေကို ရှူနေကြရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောထားရာ သန့်ရှင်းသောလေကိုရှူရှိုက်ခွင့်ရရှိခြင်းသည် ရှားပါးသည့် အခွင့်အရေးတစ်ရပ်ဟုဆိုရမည်ပင်ဖြစ်သည်။ ဝင်ငွေနည်းသည့် နိုင်ငံများနှင့် ဝင်ငွေအလယ်အလတ်ရှိသည့် နိုင်ငံများမှ ပြည်သူများမှာ လေကောင်းလေသန့်မရရှိသည့် ပြဿနာကို အများဆုံးရင်ဆိုင်နေကြရပြီး နှစ်စဉ်လူခုနစ်သန်းခန့်သည် လေထုညစ်ညမ်းမှုနှင့်ဆက်နွှယ်၍ အချိန်မတိုင်မီ သေဆုံးနေရကြောင်းလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကပြောသည်။ ယင်းအနက် ၄ ဒသမ ၂ သန်းသည် အိမ်ပြင်ပလေထုညစ်ညမ်းမှုကြောင့် သေဆုံးရခြင်းဖြစ်ပြီး ကျန် ၂ ဒသမ ၈ သန်းမှာ အိမ်တွင်းလေထုညစ်ညမ်းမှုကြောင့် သေဆုံးရခြင်းဖြစ်သည်ဟုဆိုသည်။ လေထုညစ်ညမ်းမှုဟူသည် နယ်နိမိတ်မရှိသည့်အလျောက် ပတ်ဝန်းကျင်နိုင်ငံများတွင် လေထုညစ်ညမ်းမှုအညွှန်းကိန်းမြင့်မားနေပါက ဆက်စပ်နေသည့် နိုင်ငံ၏နယ်နိမိတ်များကိုပါ ထိခိုက်နိုင်ခြေရှိနိုင်သည်။

လေထုညစ်ညမ်းမှုကို ထိန်းချုပ်လျှော့ချနိုင်ရန် ဥပဒေပြဋ္ဌာန်းခြင်း၊ အသိပညာပေးခြင်း နည်းလမ်းများဖြင့် လူတို့ကြောင့်ဖြစ်ပေါ်လာသည့် လေထုညစ်ညမ်းမှုများကို ထိန်းချုပ်သွားနိုင်သည်။ လယ်ယာစိုက်ခင်းများအတွက် မီးရှို့ခြင်း၊ တောမီးရှို့ခြင်း၊ အမှိုက်မီးရှို့ခြင်းများကို တားမြစ်ရန်နှင့် မြို့ပြဒေသများတွင် ယာဉ်သုံးစွဲမှုများကို လျှော့ချရန်၊ အများသုံးသယ်ယူပို့ဆောင်မှုကိုမြှင့်တင်ရန်၊ ရုပ်ကြွင်းလောင်စာသုံးစွဲမှုများကို လျှော့ချရန်၊ အစားအစာချက်ပြုတ်မှုများတွင် ထင်း၊ မီးသွေးလောင်စာသုံးစွဲမှုများကိုလျှော့ချရန် ပညာပေးခြင်းနှင့် နည်းပညာပိုင်းအရ အကူအညီပေးခြင်းတို့ ဆောင်ရွက်သွားရန်လည်းလိုသည်။ လေသည် လူတို့အတွက် အသက်ဓာတ်ပင်ဖြစ်ရာ လေထုညစ်ညမ်းပါက အသက်ရှူလမ်းကြောင်းနှင့် အဆုတ်ရောဂါ၊ နှလုံးရောဂါ၊ လေဖြတ်ရောဂါ၊ ကိုယ်ခံအားစနစ်ထိခိုက်သည့် ရောဂါစသည်တို့အပါအဝင် ရောဂါအများအပြားဖြစ်ပွားနိုင်ပြီး ကလေးသူငယ်များနှင့် သက်ကြီးပိုင်းများ၊ နာတာရှည်ရောဂါခံစားနေရသူများကို အထိခိုက်ဆုံးဖြစ်စေနိုင်သည်။

လေသည် လူ၏အသက်ဖြစ်ပြီး လေထုသန့်ရှင်းမှသာ လူတို့ကျန်းမာမည်ဖြစ်သည့်အလျောက် လေထုညစ်ညမ်းမှုလျှော့ချရေး၊ လေထုသန့်ရှင်းရေးတွင် လူတိုင်းကိုယ်စီ အသိတရားရှိရှိပါဝင်ကြရပါမည့်အကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဖြဟ္မစိုရ်တရားနှင့် စစ်မှန်သော မျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေး။




### ၂၆ - ၁ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ (၅,၄၅၀,၀၀၀) ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ သွေးစည်းညီညီ တွဲလက်ညီမှ ဒို့ပြည်ထောင်စု ခိုင်မြဲမည်**

မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | စိုးစိုးနိုင် | သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းမှူး | - | မြင့်စိုး | အကြီးတန်း | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| စာတည်းများ | - | ဝင်းကျော်၊ နေဇာဇာထွန်း | သတင်းထောက်များ | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း | - | ဇော်ပိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | | |
| စာပြင် | - | ဇော်မင်းသန်းနှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |

**နေပြည်တော်–စာတည်းမှူး** ၀၆၇–၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇–၃၆၁၄၅၊ **ဖက်စ်** ၀၆၇–၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ–အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့** ၀၁–၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁–၅၄၄၃၁၄၊ **စီမံ** ၀၁–၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁–၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ **Fax** ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ **Fax** ၀၁–၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)

ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

❍ *ရွှေဖုံးမှ*

တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်၊ အောင်လက်မှတ်၊ အရိုးဝါကနက္ကဒဏ် ထီးဖြူတော်(၃)လက်အမှတ်တံဆိပ်ပါ သာသနာ့အောင်လံတော်ကို ခံယူရရှိမည်ဖြစ်သောကြောင့် အတိုင်းမသိဂုဏ်ယူဝမ်းမြောက်ကာ ဖရဏာပီတိဂွမ်းဆီထိသကဲ့သို့ ခံစားရပါသည် ဘုရား။

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနရှိ အချက်အလက်များအရ ဆရာတော်သည် စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ ရွာဗုကြီးရွာတွင် ဖွားမြင်တော်မူခဲ့ကြောင်း၊ ၁၃၆၁ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၇)မိုင်၊ စော်ဘွားလေးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တက္ကန္ဒာစာရကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ကြောင်း၊ ဆရာတော်သည် ဂဏဝါစကသာမဏေကျော်၊ ပရိယတ္တိသာသနာလင်္ကာရ သာမဏေကျော်၊ ပရိယတ္တိ သဒ္ဓမ္မရက္ခိတ သာမဏေကျော်၊ မင်္ဂလာဗျူဟာ သာမဏေကျော်၊ ပရိယတ္တိသာသနဟိတ သာမဏေကျော်များ၊ ၁၃၆၁ ခုနှစ်တွင် ပထမကြီးတန်း (ရန်ကုန်တိုင်းဒေသကြီး ပထမ၊ တစ်နိုင်ငံလုံးဒုတိယ) သာသနဓဇဓမ္မာစရိယ၊ နိကာယဇ္ဈောတက ဝိနယဓရဓမ္မာစရိယ၊ နိကာယဇ္ဈောတက အတ္ထဝိသာရဒ ဒီဃဘာဏက၊ နိကာယဝုမ္မိသမိတိ ဝိနယ ကောဝိဒ၊ နိကာယဝုမ္မိသမိတိ ဒီဃနိကာယကောဝိဒ၊ ပရိယတ္တိသာသန ဟိတဝိနယဓရ၊ ပရိယတ္တိသာသနဟိတ ဒီဃဘာဏက၊ ကျောင်းတိုက်စာမေးပွဲ မဟာဂန္ထဝံသဒီဃာဂမ၊ မဟာဂန္ထဝံသ မူလအဘိဓမ္မာဂမ၊ ဝိနယဝိဒူ၊ ဒီဃနိကာယဝိဒူ၊ အဘိဓမ္မဝိဒူ-၁/၂၊ ဝိနယဓရ၊ ဝိနယကောဝိဒ၊ ဒီဃ ဘာဏက၊ ဒီဃနိကာယကောဝိဒ၊ မူလအာဘိဓမ္မိက၊ မူလအဘိဓမ္မကောဝိဒ စသည့်ဘွဲ့တော်များ အောင်မြင်ရရှိတော်မူပြီး ဆက်လက်၍ အားထုတ်တော်မူရာ ၁၃၇၉ ခုနှစ် ကျင်းပသော အကြိမ် (၇၁) မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် သင်ရိုးပိဋကတ်သုံးပုံဟုဆိုအပ်သော ဝိနည်းငါးကျမ်း၊ သုတ်သုံးကျမ်း၊ အဘိဓမ္မာ ခုနစ်ကျမ်းတို့ကို ခက်ခဲနက်နဲစွာ လေ့လာကျက်မှတ်၍ သတ်မှတ်အချိန် သတ်မှတ်ရက်အတွင်း သတ်မှတ်စာမျက်နှာ သတ်မှတ်ကျမ်းစာများကို အာဂုံပြန်ဆိုနိုင်ခဲ့ပြီး အာဘိဓမ္မိကဘွဲ့တံဆိပ်တော်နှင့် တိပိဋကဓရဘွဲ့တံဆိပ်တော်တို့ကို ရရှိတော်မူခဲ့ကြောင်း သိရှိရပါသည် ဘုရား။

**❝ နိုင်ငံတော်မှ ဆက်ကပ်သော တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူမည်ဖြစ်ရာ ဆရာတော်သည် ပရိယတ္တိသာသနာတော်အတွက် တပည့်ရဟန်းသံဃာများအား စာပေပို့ချခြင်းစသော သာသနာပြုလုပ်ငန်းများ ကျန်းမာချမ်းသာစွာဖြင့် ဆောင်ရွက်တော်မူနိုင်ပါမည့်အကြောင်း ယခုကဲ့သို့ တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော် ဆွတ်ခူးရရှိတော်မူသဖြင့် (၁၇) ပါးမြောက် တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည်အဖြစ် ပေါ်ထွန်းလာခြင်းကိုလည်း အထူးပင်ဂုဏ်ယူဝမ်းမြောက်ကြောင်း ထပ်လောင်းလျှောက်ထား ❞**

တပည့်တော်များ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက် ယခုနှစ်ကျင်းပသော (၇၇) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် သင်ရိုးပိဋကတ်တော်များ၏ အဖွင့်ကျမ်းများဖြစ်သော အဋ္ဌကထာ၊ ဋီကာ၊ အနုဋီကာ၊ ယောဇနာ၊ ဂဏ္ဌိ၊ နိဿယများလာ ခက်ခဲနက်နဲသော သဘောအဓိပ္ပာယ်တို့ကို ဆရာတော်၏ သဒ္ဓါစွမ်းအား၊ သတိစွမ်းအား၊ သမာဓိစွမ်းအား၊ ပညာစွမ်းအားတို့ဖြင့် ဖြေဆိုအောင်မြင်ခဲ့ပြီးဖြစ်၍ နိုင်ငံတော်မှ ဆက်ကပ်သော တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူမည်ဖြစ်ရာ ဆရာတော်သည် ပရိယတ္တိသာသနာတော်အတွက် တပည့်ရဟန်း သံဃာများအား စာပေပို့ချခြင်းစသော သာသနာပြုလုပ်ငန်းများ ကျန်းမာချမ်းသာစွာဖြင့် ဆောင်ရွက်တော်မူနိုင်ပါမည့်အကြောင်း ယခုကဲ့သို့ တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော် ဆွတ်ခူးရရှိတော်မူသဖြင့် (၁၇) ပါးမြောက် တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည်အဖြစ် ပေါ်ထွန်းလာခြင်းကိုလည်း အထူးပင်ဂုဏ်ယူဝမ်းမြောက်ကြောင်း ထပ်လောင်းလျှောက်ထားအပ်ပါသည် ဘုရား။

မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

❖ *ရွှေဖုံးမှ*

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီး၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင်ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ဆက်ကပ်ပေးပို့သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာကို ဖတ်ကြားလျှောက်ထားပြီး တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တသေဋ္ဌညာဏာလင်္ကာရ ထံ ဆက်ကပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က လှူဖွယ်ဝတ္ထုပစ္စည်းများ၊ နဝကမ္မ အလှူတော်ငွေများကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**

## ဒုတိယဝန်ကြီး ဦးထိန်လင်း ယဉ်ကျေးမှုအဖွဲ့များ တည်းခိုနေထိုင်မည့်အိပ်ဆောင်များ၊ ညှော်ခံကျွေးမွေးမည့်နေရာနှင့် ချက်ပြုတ်ပြင်ဆင်မည့်နေရာများ လိုက်လံကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၂၆**

၂၀၂၅ ခုနှစ် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား ယဉ်ကျေးမှုအဖွဲ့များ ကြိုဆိုနေရာချထားရေးနှင့် ညှော်ခံကျွေးမွေးရေး ဆပ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းသည် တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းက ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ရန် လာရောက်ကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များ တည်းခိုနေထိုင်မည့် နေပြည်တော်



အားကစား လေ့ကျင့်ရေးစခန်း (Gold Camp)ရှိ အိပ်ဆောင်များ၊ ဆေးခန်း၊ စာကြည့်တိုက်၊ စားသောက်မည့် နေရာများနှင့် အမှတ်တရ လက်ဆောင်ပစ္စည်း ရောင်းချမည့် ဆိုင်ခန်းနေရာများ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုကို လည်းကောင်း၊ Cluster – 9 စားရိပ်သာရှိ ချက်ပြုတ်ပြင်ဆင်မည့် နေရာများနှင့် အသီးအရွက် သိုလှောင်ထားရှိမည့် အခန်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ) သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် တိပိဋက ပါဠိ-မြန်မာ အဘိဓာန်များကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်းလုပ်ငန်း ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

## ယခုဆောင်ရွက်လျက်ရှိသော လုပ်ငန်းကြီးမှာ ထေရဝါဒဗုဒ္ဓသာသနာ ကမ္ဘာသို့ပျံ့နှံ့စေရန် လွန်စွာမှပင် အထောက်အကူပြုသည့် "ရတနာသိုက်ကြီးတစ်ခု"ကို ဖန်တီးတည်ဆောက်နေခြင်းပင်ဖြစ်



**ရန်ကုန် ဇန်နဝါရီ ၂၆**

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်က ဆောင်ရွက်လျက်ရှိသည့် တိပိဋက ပါဠိ-မြန်မာ အဘိဓာန်များကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်းလုပ်ငန်း ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် Seminar Hall ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တဆေကိန္ဒ အမှူးပြုသော သင်ကြား ဆရာတော်ကြီးများ၊ တိပိဋက ပါဠိ-မြန်မာ အဘိဓာန် ဘာသာပြန်ဆိုရေးလုပ်ငန်းကော်မတီအဖွဲ့ဝင် ဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယပါမောက္ခချုပ်(စီမံ) နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော်က အဖွင့်ဩဝါဒကထာ မိန့်ကြားတော်မူပြီး ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်အနေဖြင့် အဘိဓာန်ကျမ်းစာအုပ်များအား ၂၀၁၇ ခုနှစ်တွင် VOLUME-I (A-Uḷurāja) အား ပထမအကြိမ်အဖြစ် အုပ်ရေ ၁၀၀၀၊ ၂၀၂၃ ခုနှစ်တွင် VOLUME-II (Ka-Kvaci) အား အုပ်ရေ ၁၀၀၀ ပုံနှိပ်ထုတ်ဝေနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ထုတ်ဝေပြီးဖြစ်သော VOLUME-IIအတွဲအမှတ် ၅ မှ ၈ အထိတွင် စာအုပ်အဖြစ် ထုတ်ဝေရန် ကျန်ရှိနေသည့် တည်ပုဒ်ပေါင်း ၃၀၀၂ ပုဒ်အား VOLUME-III အဖြစ် ထုတ်ဝေနိုင်ရန်လည်းကောင်း၊ အတွဲအမှတ် ၉ မှ ၁၂ အထိ ဘာသာပြန်ဆိုရန် ပုဒ်ပေါင်း ၄၃၉၀ ရှိသည့်အနက် ဘာသာပြန်ဆိုပြီး ပုဒ်ပေါင်း ၃၈၀၅ ပုဒ်တို့ကိုလည်း ပိုမိုသန့်စင်သည့် ဘာသာပြန်ဆိုပြီးသော တည်ပုဒ်များအဖြစ်လည်းကောင်း စိစစ်ဆောင်ရွက်လျက်ရှိသည်ကို သိရှိရပါကြောင်း၊ ယခုဆောင်ရွက်လျက်ရှိသော လုပ်ငန်းကြီးမှာ ထေရဝါဒဗုဒ္ဓသာသနာ ကမ္ဘာသို့ပျံ့နှံ့စေရန် လွန်စွာမှပင် အထောက်အကူပြုသည့် "ရတနာသိုက်ကြီးတစ်ခု"ကို ဖန်တီးတည်ဆောက်နေခြင်းပင် ဖြစ်ပါကြောင်း။


ဝန်ကြီးဌာနအနေဖြင့် အဋ္ဌကထာ၊ ဋီကာကျမ်း စာအုပ်များ ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းများ၊ ပိဋကတ်သုံးပုံပါဠိတော်အား အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုနိုင်ရေးလုပ်ငန်းများ၊ တိပိဋက ပါဠိ-မြန်မာ အဘိဓာန်များကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်းလုပ်ငန်းများနှင့် သဗ္ဗဖေယျမင်္ဂလာပရိတ်တော်နှင့် ပါဠိ-မြန်မာ ဗုဒ္ဓစာပေများ ပုံနှိပ်ထုတ်ဝေခြင်း လုပ်ငန်းများအား ဆောင်ရွက်ရာမှာ စေတနာရှင်ရဟန်းရှင်လူ ပြည်သူများ၏ စုပေါင်းလှူဒါန်းငွေများဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ အဆိုပါ အလှူငွေများ ရရှိစေရန်အတွက်လည်း ပြည်တွင်း ပြည်ပမှ အလှူရှင်များအား မိမိတို့ ဆောင်ရွက်လျက်ရှိသော "သမိုင်းတွင်မည့် မဟာကုသိုလ်တော်လုပ်ငန်းကိစ္စရပ်များ"အကြောင်း ပိုမိုကျယ်ပြန့်စွာ သိရှိစေရန်အတွက် လက်ကမ်းစာစောင်များအား အင်္ဂလိပ်ဘာသာဖြင့်လည်းကောင်း၊ မြန်မာဘာသာဖြင့်လည်းကောင်း အရေအတွက် ထောင်နှင့်ချီ၍ ရိုက်နှိပ်ဖြန့်ဝေလျက်ရှိပါကြောင်း၊ အလှူရှင်များကလည်း စေတနာထက်သန်စွာဖြင့် ဝန်ကြီးဌာနသို့ အလှူငွေများ ပေးပို့လှူဒါန်းလျက်ရှိပါကြောင်း၊ သို့ဖြစ်ရာ ယခုဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအစီအစဉ်များနှင့်စပ်လျဉ်း၍ လိုအပ်သည့်ကိစ္စရပ်များအား ဝိုင်းဝန်းသုံးသပ်ဆွေးနွေးပေး တော်မူကြပါရန် လျှောက်ထားသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ဒုတိယပါမောက္ခချုပ် (စီမံ) ဦးဇော်ဇော်ဦးက တိပိဋက ပါဠိ-မြန်မာ အဘိဓာန်များကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်းလုပ်ငန်း တိုးတက်မှုများကို ရှင်းလင်းတင်ပြလျှောက်ထားရာ အစည်းအဝေး တက်ရောက်လာကြသည့် ဒုတိယပါမောက္ခချုပ် (သင်ကြား) ဆရာတော်နှင့် ပါမောက္ခဆရာတော်များက ညှိနှိုင်းဆွေးနွေးကြသည်။

ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးကာ ဖြည့်စွက်ဆွေးနွေးလျှောက်ထားပြီး ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒက နိဂုံးချုပ်ဩဝါဒကထာ မိန့်ကြားတော်မူသည်။ အစည်းအဝေးအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီမှ သင်ကြားဆရာတော်၊ သီလရှင်များကို နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံချင့်မြူနီစီပယ်အစိုးရ ဒုတိယမြို့တော်ဝန်နှင့် တွေ့ဆုံဆွေးနွေး၊ ဆောက်လုပ်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲတက်ရောက်



**နေပြည်တော် ဇန်နဝါရီ ၂၆**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံချင့်မြို့သို့ ရောက်ရှိနေသော ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၂၁ ရက်တွင် ချုံချင့်မြူနီစီပယ်အစိုးရ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများအား တွေ့ဆုံခဲ့သည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် သံတမန်ဆက်ဆံရေး တည်ဆောက်ခဲ့သည်မှာ (၇၅) နှစ် တိုင်ခဲ့ပြီဖြစ်ကြောင်း၊ မိမိတို့ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် အမျိုးသားနယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းမူဘောင် (National Spatial Development Framework Plan)ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် မြို့ပြနှင့်ကျေးလက်ဒေသများ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရန် Town Plan များ ရေးဆွဲပေးခြင်း၊ စက်မှုဇုန်များအတွက် ပင်မစီမံကိန်းများ ရေးဆွဲပေးခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ အလားအလာကောင်းများရှိသော မြန်မာနိုင်ငံ မြို့ပြဖွံ့ဖြိုးရေးကဏ္ဍ၊ လမ်းနှင့် တံတားတည်ဆောက်ရေးဆိုင်ရာ ခေတ်မီနည်းပညာများ ဖလှယ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ဆွေးနွေးလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ချုံချင့်မြူနီစီပယ်အစိုးရ ဒုတိယမြို့တော်ဝန် မစ္စတာ ကျန်းတွမ်ထောင်က မြန်မာနိုင်ငံသည် အိမ်နီးချင်းကောင်းဖြစ်ကြောင်း၊ တရုတ်-မြန်မာချစ်ကြည်ရင်းနှီးမှုကို တန်ဖိုးထားကြောင်း၊ မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတွင် ချုံချင့်မြူနီစီပယ်အစိုးရအနေဖြင့် ဆောက်လုပ်ရေးကဏ္ဍအပါအဝင် နယ်ပယ်စုံတွင် ရင်းနှီးမြှုပ်နှံမှုများ ဆက်လက်ဆောင်ရွက်ရန် ရည်ရွယ်ထားကြောင်း၊ ချုံချင့်မြို့သို့ ရောက်ရှိစဉ် တရုတ်နိုင်ငံမှ ဆောက်လုပ်ရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံသူများ၊ နည်းပညာကုမ္ပဏီကြီးများနှင့် တွေ့ဆုံ၍ ဆွေးနွေးစေလိုကြောင်း၊ ချုံချင့်မြို့နှင့်ပတ်ဝန်းကျင်အား လေ့လာနိုင်ရန် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

### လုပ်ငန်းရှင်များနှင့်တွေ့ဆုံခဲ့

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ချုံချင့်မြူနီစီပယ်အစိုးရ ကုန်သွယ်ရေးဌာနသို့ သွားရောက်ပြီး ချုံချင့်မြို့ စီးပွားရေးရာကော်မရှင် ညွှန်ကြားရေးမှူးချုပ် မစ္စတာ ကျန်းရုံဝူနှင့် တာဝန်ရှိသူများ၊ ချုံချင့်မြို့ နိုင်ငံခြားရေးဌာနနှင့် မြို့ပြစီမံကိန်းနှင့် သဘာဝသယံဇာတဗျူရိုမှ တာဝန်ရှိသူများ၊ ဆောက်လုပ်ရေးကော်မရှင်မှ တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မိမိနှင့်အတူ မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံ တည်ဆောက်ရေးဆိုင်ရာလုပ်ငန်းရှင်များ အတူပါရှိလာကြောင်း၊ ဆောက်လုပ်ရေးကဏ္ဍ အပါအဝင် ဘက်စုံထောင့်စုံ ဆွေးနွေးစေလိုကြောင်း ပြောကြားပြီး ချုံချင့်မြူနီစီပယ် အစိုးရ စီးပွားရေးရာကော်မရှင် ညွှန်ကြားရေးမှူးချုပ် မစ္စတာ ကျန်းရုံဝူက တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ ပထဝီဝင်အရ ဖြစ်တည်မှုအခြေအနေ၊ ပူးပေါင်းဆောင်ရွက်နိုင်သည့် စီးပွားရေးနှင့် အခြေခံအဆောက်အအုံဆိုင်ရာတို့ကို ဆွေးနွေးကာ တက်ရောက်လာကြသော တရုတ်နိုင်ငံမှ တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များက သိရှိလိုသည်များကို အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ချုံချင့်မြို့နှင့် ရှန်းကျန့်မြို့များသို့ ရောက်ရှိစဉ် အမြန်လမ်းမကြီးများ တည်ဆောက်ထားရှိမှုနှင့် ကွပ်ကဲဆောင်ရွက်နေသည့် အခြေအနေများ၊ တံတားတည်ဆောက်ရေးဆိုင်ရာ လုပ်ငန်းခွင်များ၊ မြို့တွင်းလမ်းမများတွင် သစ်ပင်ပန်းမန်၊ လူသွားစင်္ကြံ ပလက်ဖောင်းများ ဆောင်ရွက်ထားရှိသည့် အခြေအနေများ၊ ပလက်ဖောင်းကတ်တုံးများ ထုတ်လုပ်ဖြန့်ဖြူးသည့် စက်ရုံအလုပ်ရုံများ၊ မြို့ပြနှင့် အိမ်ရာတည်ဆောက်ရေးဆိုင်ရာ စီမံကိန်းလုပ်ငန်းခွင်များသို့ သွားရောက်လေ့လာခဲ့ကြပြီး ကွမ်ကျိုးမြို့မှတစ်ဆင့် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ယနေ့တွင် ပြည်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲတွင် နေပြည်တော်ကိုယ်စားပြု ထုတ်ကုန်ပစ္စည်းအမျိုးမျိုး ပါဝင်ယှဉ်ပြိုင်ပြသသွားမည်

**နေပြည်တော် ဇန်နဝါရီ ၂၆**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် ပျဉ်းမနားခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင် ပြသမည့် နေပြည်တော်ကိုယ်စားပြု ဒေသထွက် MSME ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုအားပေးသည်။

ထိုသို့ကြည့်ရှုစဉ် စီးပွားရေးလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများက ထုတ်ကုန်များအလိုက် ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးရောင်းချမှုအခြေအနေကို လိုက်လံရှင်းလင်းပြသပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အနေဖြင့် စီးပွားရေးလုပ်ငန်းရှင်အသီးသီးမှ ပြည်တွင်းကုန်ကြမ်းသုံးထုတ်ကုန် အမျိုးအစား ၈၃ မျိုး၊ သွင်းကုန်အစားထိုးတန်ဖိုးမြှင့်ထုတ်ကုန် အမျိုးအစား ၂၇ မျိုး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအခြေခံထုတ်ကုန် အမျိုးအစား ၄၃ မျိုး၊ ပြည်ပပို့ကုန် အမျိုးအစား ၁၀ မျိုးနှင့် One Region One Product (OROP) ထုတ်ကုန်ပစ္စည်းအမျိုးအစား ၉၁ မျိုးတို့ကို ပါဝင်ယှဉ်ပြိုင်ပြသသွားမည်ဖြစ်သည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တပေါင်းကွင်း၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကျင်းပမည့် ကွင်းအတွင်း သန့်ရှင်းသာယာလှပရေးဆောင်ရွက်နေမှု၊ ပြခန်းများ ဆောင်ရွက်နေမှုနှင့် MSME ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသရန် ဆောင်ရွက်ထားရှိမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး နေပြည်တော်ကိုယ်စားပြု ဒေသထွက် MSME ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုအားပေးစဉ်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့ အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီးညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။





# ဗောဓိမဏ္ဍိုင်မြကံသာစေတီတော်မြတ် ဗုဒ္ဓပူဇနိယပွဲတော်နှင့် အသံမစဲမဟာပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲ ဆွမ်းဆန်စိမ်းလောင်းလှူ

**ဘားအံ ဇန်နဝါရီ ၂၆**

ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၂)ရပ်ကွက် အမိတာရာမရဲ ကျောင်းတိုက်ရှိ ဗောဓိမဏ္ဍိုင်မြကံသာစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်နှင့် အသံမစဲ မဟာပဋ္ဌာန်း ဒေသနာတော် ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲအထိမ်းအမှတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းက အဆိုပါဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညို၍ ဆွမ်းဆန်စိမ်းလောင်းလှူခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့်အဖွဲ့ဝင်များနှင့် ဧည့်ပရိသတ်အပေါင်းတို့က အမိတာရာမရဲကျောင်းတိုက် ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဂုဏာလင်္ကာရထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြကာ လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် အမှူးပြုသော ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဘားအံမြို့ပေါ်ရှိ ဒါယကာ၊ ဒါယိကာမများနှင့် ဧည့်ပရိသတ်အပေါင်းတို့က အမိတာရာမရဲကျောင်းတိုက် ဆရာတော်အမှူးပြုသော ဆရာတော်၊ သံဃာတော်၊ သီလရှင် စုစုပေါင်း ၁၀၈ ပါးတို့အား ဆန်၊ ဆီ၊ ဆေး၊ ဆား အစရှိသော လှူဖွယ်ပစ္စည်းများကို လောင်းလှူခဲ့ကြပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို) လုပ်ငန်းစွမ်းဆောင်ရည်ဆုချီးမြှင့်

**ရန်ကုန် ဇန်နဝါရီ ၂၆**

မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း (ဗဟို)ကကြီးမှူး၍ ၂၀၂၄ ခုနှစ်အတွက် လုပ်ငန်းစွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲနှင့် နှစ်သစ်ညစာစားပွဲအခမ်းအနားကို ဇန်နဝါရီ ၂၄ ရက် ညနေက ရန်ကုန်မြို့ရှိ Sky Star ဟိုတယ်၌ ကျင်းပသည်။



အခမ်းအနားတွင် မြန်မာနိုင်ငံ အိမ်ခြံမြေ ဝန်ဆောင်မှုအသင်း (ဗဟို) ဂုဏ်ထူးဆောင် နာယက ဦးသိန်းလှညို၊ အသင်းဥက္ကဋ္ဌ ဦးခင်မောင်သန်းတို့က နှစ်သစ်နှုတ်ခွန်းဆက်စကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ(၁) ဒေါ်မိုးမိုးထွန်းက အခမ်းအနားကျင်းပရခြင်း အကြောင်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှု အသင်း (ဗဟို)အထွေထွေအတွင်းရေးမှူး ဦးမျိုးမြင့်အောင်နှင့် ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေဝန်ဆောင်မှု အသင်းဥက္ကဋ္ဌ ဒေါ်မြတ်မိုမိုတို့က ဂုဏ်ပြုအမှာစကားများပြောကြားကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှု အသင်း (ဗဟို) ဥက္ကဋ္ဌ ဦးခင်မောင်သန်းက Presi-dent Award ဆု ကိုးဆုကို ချီးမြှင့်ခဲ့ရာ မြို့နယ်အလိုက် လုပ်ငန်း စွမ်းဆောင်ရည်ဆုကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်က ဆွတ်ခူးရရှိသည်။ ထို့နောက် နှစ်သစ်ညစာစားပွဲကို ကျင်းပကြောင်း သိရသည်။

**မျိုးမင်းသူရ**

## တရုတ်နှစ်သစ်ကူး ပျော်ပွဲရွှင်ပွဲနှင့် ဈေးပွဲတော်ဖွင့်ပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၆**

တရုတ်နှစ်သစ်ကူး ပျော်ပွဲရွှင်ပွဲနှင့် ဈေးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ လသာမြို့နယ် လမ်းမကြီးပေါ်၌ ကျင်းပသည်။

အခမ်းအနားကို ကျောက်တံတားခရိုင် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် တရုတ်ဘာသာရေး ဘုံကျောင်းများမှ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တရုတ်ရိုးရာယဉ်ကျေးမှု အကအလှများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

တရုတ်နှစ်သစ်ကူး ဈေးပွဲတော်တွင် အလှကုန်၊ လူသုံးကုန်ပစ္စည်းများနှင့် အစားအသောက်မျိုးစုံကို စုံလင်စွာ ရောင်းချပေးလျက်ရှိသည့်အပြင် ရိုးရာခြင်္သေ့အက၊ နဂါးအကအလှပြိုင်ပွဲများ၊ နာမည်ကျော် တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများ၊ အပျော်စီးလှေ၊ ကလေးကစားကွင်းများနှင့် အလှဓာတ်ပုံရိုက်ရန် ဖန်တီးပေးထားသည့် အစီအစဉ်များ ပါရှိကြောင်းနှင့် အဆိုပါဈေးပွဲတော်ကို ဇန်နဝါရီ ၂၅ ရက်မှ ၃၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**ကိုကိုဇော်-MNA**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဆောင်းပါး

# ဖတ်စရာမှတ်စရာ ယူဂိုဆလားဗီးယား သမိုင်းသင်ခန်းစာ

**၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ဖြစ်သည်။ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အခါသမယတွင် ပြည်ထောင်စုနိုင်ငံတစ်နိုင်ငံအဖြစ် နှစ်ပေါင်း ၄၀ ကျော်ကြာ ရပ်တည်လာခဲ့ပြီးမှ ၁၉၉၀ ပြည့်လွန်နှစ်များအရောက်တွင် ဝါးအစည်း ပြေသလိုပြိုကွဲကာ သမိုင်းအတွင်း ပြန်လည်တိုးဝင်ပျောက်ကွယ်သွားခဲ့သော တစ်ချိန်က ယူဂိုဆလားဗီးယားနိုင်ငံ၏ သမိုင်းဖြစ်စဉ်ကို ပြန်ပြောင်းအမှတ်ရမိသည်။**

## မောင်ကမ္ဘာ

ယူဂိုဆလားဗီးယားနိုင်ငံကို မာရှယ်တီတိုးက ဒုတိယကမ္ဘာစစ်ပြီးစ ၁၉၄၅ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်နေ့တွင် စတင်တည်ထောင်ခဲ့သည်။ ယူဂိုဆလားဗီးယားသည် ဧရိယာစတုရန်းမိုင် ၉၈၇၆၆ ရှိပြီး ထိုစဉ်က လူဦးရေ ၁၇ သန်းကျော်မျှသာရှိသည်။ သို့သော် ပြည်နယ်နှင့် လူမျိုးအလိုက် ကွဲပြားခြားနားမှုများရှိသောကြောင့် ဒေသနယ်ပယ်အစွဲရှိကြသော တိုင်းရင်းသားလူမျိုးများ၏ ဆန္ဒနှင့်အညီ ကိုယ်ပိုင်အုပ်ချုပ်ရေး ပြည်သူ့သမ္မတနိုင်ငံ ခြောက်နိုင်ငံ ထူထောင်ရန် မာရှယ်တီတိုးက လက်ခံသဘောတူခဲ့သည်။

### ပြည်ထောင်စု ယူဂိုဆလားဗီးယားသမ္မတနိုင်ငံ

သို့ဖြင့် ဆားဘီးယား၊ ခရိုအေးရှား၊ ဆလိုဗီးနီးယား၊ မွန်တီနီဂရိုး၊ ဘော့စ်နီးယားနှင့် ဟာဇီဂိုဗီးနား၊ မက်ဆီဒိုးနီးယားသမ္မတနိုင်ငံတို့ကို စုပေါင်း၍ ပြည်ထောင်စု ယူဂိုဆလားဗီးယား သမ္မတနိုင်ငံအဖြစ် ၁၉၄၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ထူထောင်ခဲ့သည်။ ဆားဘီးယားသမ္မတနိုင်ငံအတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်နှစ်ခုအဖြစ် ကိုဆိုဗိုနှင့် ဗော့ချ်ဗိုဒီနာတို့ ပါဝင်သည်။ ယူဂိုဆလားဗီးယား ဖက်ဒရယ်ဆိုရှယ်လစ်သမ္မတနိုင်ငံ တစ်ခုလုံးကို ရှစ်ဦးပါ သမ္မတအဖွဲ့က ဦးဆောင်သော်လည်း အလုံးစုံအာဏာပိုင်အဖွဲ့မှာ ယူဂိုဆလားဗီးယား ကွန်မြူနစ်အဖွဲ့ချုပ်ဖြစ်သည်။

မာရှယ်တီတိုးသည် စစ်ထောင်း၍ ကျေခဲ့သော ယူဂိုဆလားဗီးယားနိုင်ငံကို အမြန်ဆုံးပြန်လည်ထူထောင်ရန် ကြိုးစားခဲ့ရသည်။ မာရှယ်တီတိုးသည် ယူဂိုဆလားဗီးယားနိုင်ငံကို ဆိုရှယ်လစ်စနစ်ဖြင့် တည်ဆောက်ခဲ့သော်လည်း တံခါးဖွင့်ပေါ်လစီကို ကျင့်သုံးခဲ့သည်။ ၁၉၆၅ ခုနှစ်တွင် စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့ခြင်းကြောင့် ယူဂိုဆလပ်စီးပွားရေးမှာ တစ်ဟုန်ထိုး တိုးတက်ခဲ့လေသည်။

သို့ရာတွင် မာရှယ်တီတိုးခေတ်မှာပင် ယူဂိုဆလားဗီးယားသည် ဖြေရှင်းရန် ပြဿနာများစွာ ရှိခဲ့သည်။ လူဦးရေအများဆုံး ဆာ့ဗ်လူမျိုးများနှင့် ဒုတိယအများဆုံးဖြစ်သော ခရိုအေးရှန်းတို့မှာ သမိုင်းရန်ငြိုးရှိခဲ့ကြသည်။ ဒုတိယကမ္ဘာစစ်အတွင်းက ခရိုအေးရှားနယ်သား အများစုသည် နာဇီဂျာမနီတို့နှင့် ပူးပေါင်းကာ ခရိုအေးရှားနယ်၌ နေထိုင်ကြသော ဆာ့ဗ်လူမျိုးများကို လူမျိုးရေးသတ်ဖြတ်မှုများ ပြုလုပ်ခဲ့ကြရာ ဆာ့ဗ်လူမျိုးတစ်သိန်းခန့် အသတ်ခံခဲ့ရသည်ဟု ဆိုသည်။ ထိုဖြစ်စဉ်များကြောင့် ဆာ့ဗ်နှင့် ခရိုအေးရှန်းတို့မှာ ရန်ငြိုးမပြေရှိခဲ့ကြသည်။

တစ်ဖန်မြောက်ပိုင်း/တောင်ပိုင်းပြဿနာလည်း ရှိပြန်သည်။ ခရိုအေးရှားနှင့် ဆလိုဗီးနီးယားတို့ ပါဝင်သော မြောက်ပိုင်းဒေသများသည် ရေမြေသယံဇာတကြွယ်ဝသဖြင့် အစဉ်အဆက် ပြည့်စုံကြွယ်ဝချမ်းသာခဲ့သော်လည်း တောင်ပိုင်းဒေသများမှာမူ သယံဇာတရှားပါး၍ ဆင်းရဲသည်။ မြောက်ပိုင်း ခရိုအေးရှားနှင့် ဆလိုဗီးနီးယားမှ လူတစ်ဦးချင်း၏ တစ်နှစ်ဝင်ငွေသည် အမေရိကန်ဒေါ်လာ ၅၀၀၀ ရှိသော်လည်း တောင်ပိုင်း မွန်တီနီဂရိုးနယ်နှင့် ကိုဆိုဗိုတွင် ဒေါ်လာ ၇၀၀ မျှသာ ရှိလေသည်။



၁၉၉၁ ခုနှစ်တွင် ပြည်တွင်းစစ် စတင်ဖြစ်ပွားခဲ့မှုကြောင့် ပျက်စီးခဲ့ရသည့် ခရိုအေးရှားနိုင်ငံ ဗူကိုဗာ (Vukovur)မြို့။

### ထိန်းမနိုင်သိမ်းမရ

သို့နှင့် မာရှယ်တီတိုးက ပြည်ထောင်စုမှုအရ သမ္မတနိုင်ငံများ အချိုးညီညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်မှုအပေါ် ပြည့်စုံကြွယ်ဝသော မြောက်ပိုင်းက ဆင်းရဲသော တောင်ပိုင်းဒေသများကို အမြဲတမ်းဝေမျှပေးနေရသည့်အတွက် မကျေမနပ်ဖြစ်လာသည်။ အချိုးညီညီ တိုးတက်ရေးဟူသော ဗဟိုအစိုးရ၏ လှုံ့ဆော်ချက်သည် မြောက်ပိုင်းသားများအကြားတွင် အရာမဟုတ်ဘဲ ရှိနေခဲ့သည်။ ဗဟိုချုပ်ကိုင်မှုဖြင့် စီမံခန့်ခွဲနေချိန်၌ ပြဿနာအကြီးအကျယ်မတက်ခဲ့သော်လည်း ဗဟိုချုပ်ကိုင်မှုကို ၁၉၆၆ ခုနှစ်မှစ၍ လျှော့ပေးလိုက်သည့်နောက်တွင် သမ္မတနိုင်ငံများအကြား ထိန်းမနိုင်သိမ်းမရဖြစ်လာခဲ့ကြသည်။

ခရိုအေးရှားအရေးအခင်းသည် မာရှယ်တီတိုးအဖို့ ခေါင်းခဲစရာ ပြည်တွင်းရေးပြဿနာတစ်ရပ်ဖြစ်လာခဲ့လေသည်။ နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသွားများ အလာများ၍ နိုင်ငံခြားဝင်ငွေ အလွန်ကောင်းသော ခရိုအေးရှားနိုင်ငံက နိုင်ငံခြားဝင်ငွေ ခွဲဝေသုံးစွဲရာတွင် ခရိုအေးရှားနိုင်ငံအတွက် ခွဲတမ်းအများဆုံးပေးရမည်ဟု တောင်းဆိုရာမှ စတင်ခဲ့သည်။

ခရိုအေးရှားမြို့တော် ဇာဂရက်တွင် ၁၉၇၁ ခုနှစ် နိုဝင်ဘာလကဖြစ်ပွားခဲ့သော ကျောင်းသားဆန္ဒပြပွဲကြီးမှတစ်ဆင့် ကိုယ်ပိုင်တပ်မတော်၊ ကိုယ်ပိုင်လေကြောင်းဆက်သွယ်ရေး၊ ကုလသမဂ္ဂသို့ သီးခြားဝင်ရောက်ရေးအပါအဝင် ခရိုအေးရှားသမ္မတနိုင်ငံ သီးခြားခွဲထွက်ရေးအထိ တောင်းဆိုလာခဲ့ကြသည်။

### အစွန်းရောက်မှုကို သည်းမခံနိုင်

ခရိုအေးရှားသီးခြားခွဲထွက်ရေး အယူအဆမှာ ဒုတိယကမ္ဘာစစ်အတွင်းမှစ၍ တည်ရှိခဲ့သည်။ ခွဲထွက်ရေးသမား ၁၀၀၀ ခန့်သည် အနောက်ဥရောပနိုင်ငံအချို့နှင့် ကနေဒါ၊ အမေရိကန်နိုင်ငံများတွင် ပြည်ပြေးများအဖြစ် နေထိုင်ခဲ့ကြပြီး ခရိုအေးရှားပြည်တွင်းဆူပူလှုပ်ရှားမှုများ ဖြစ်ပေါ်လာအောင် အခွင့်ကြုံတိုင်း အားပေးအားမြှောက်လုပ်ခဲ့ကြသည်။ ဇာဂရက်ဆန္ဒပြပွဲကြီးသည် ပြည်ပြေးများနှင့် တစ်လေသံတည်း ထွက်လာသောအခါ မာရှယ်တီတိုးသည် ခရိုအေးရှားနယ်သားဖြစ်သော်လည်း မိမိဇာတိဌာနေသားတို့၏ အစွန်းရောက်မှုကို သည်းမခံနိုင်တော့ဘဲ ခပ်ကြမ်းကြမ်းကိုင်တွယ်ခဲ့လေသည်။ တစ်ဖက်တွင်လည်း မာရှယ်တီတိုးသည် ပြည်ထောင်စုကြီးတည်မြဲရေး၊ သမ္မတနိုင်ငံများ ခွဲမထွက်ဘဲ သင့်မြတ်စွာ ပူးပေါင်းနေထိုင်ရေးအတွက် နည်းလမ်းရှာဖွေရန် ဆွေးနွေးခဲ့သည်။

သို့ရာတွင် ခွဲထွက်ရေးသမား ပြည်ပြေးတို့က ယူဂိုဆလားဗီးယားလေကြောင်းပိုင် လေယာဉ်တစ်စင်းနှင့် အမြန်ရထားတစ်စင်းတို့ကို ဗုံးပေါက်ခွဲ၍ အပြစ်မဲ့ခရီးသည်အချို့ သေကျေဒဏ်ရာရရှိခဲ့ကြသည်။ ထို့ပြင် ဆွီဒင်နိုင်ငံမြို့တော် စတော့ဟုမ်းရှိ ယူဂိုဆလပ် သံအမတ်ကြီးကိုလည်း ခရိုအေးရှားအကြမ်းဖက်သမားများက လုပ်ကြံသတ်ဖြတ်ခဲ့ကြသည်။ ခရိုအေးရှားအကြမ်းဖက်သမားများသည် မာဖီးယားဂိုဏ်းကြီးပုံစံမျိုးဖြင့် ဖွဲ့စည်းထားပြီး နိုင်ငံခြားတွင် အလုပ်လုပ်နေကြသော ခရိုအေးရှားလူမျိုးများထံမှ နှစ်စဉ်ဆက်ကြေးကောက်ခံ၍ ရန်ပုံငွေအဖြစ် စုဆောင်းခဲ့ကြသည်။

၁၉၈၀ ပြည့်နှစ် မေလတွင် မာရှယ်တီတိုး ကွယ်လွန်သွားသည်။ ကွယ်လွန်ချိန်တွင် အသက် ၈၇ နှစ်ရှိပြီဖြစ်သော်လည်း ခေါင်းဆောင်ကောင်းပီပီ နိုင်ငံတစ်နိုင်ငံကို ၃၅ နှစ်လုံးလုံး ဦးဆောင်မှုပေးခဲ့သည်။ မာရှယ်တီတိုး မကျန်းမမာဖြစ်စဉ်ကတည်းက လေ့လာသူများက ယူဂိုဆလားဗီးယားနိုင်ငံ၏ အခြေအနေကို သုံးသပ်တွက်ချက်ခဲ့ကြရာ ဘာသာအမျိုးမျိုးနှင့် စကားအထွေထွေရှိသည့် လူမျိုးစုများအနေဖြင့် ဆက်လက်ပြီး စည်းလုံးညီညွတ်ပါ့မလား၊ ကိုယ်ကျိုးစီးပွားအခြေခံသည့် အယူအဆများ လွှမ်းမိုးပြီး ရှေ့တန်းရောက်သူက နောက်ကျကျန်သူကို အနစ်နာခံပြီး တွဲခေါ်နိုင်ပါ့မလား၊ အစဉ်အလာအရ သမိုင်းနှင့်ချီပြီး ရန်ဘက်ပဋိပက္ခဖြစ်ခဲ့မှုတွေကို ဆက်လက်ပြီးပြည်ဖုံးကားချနိုင်ပါ့မလား စသည်ဖြင့် မေးခွန်းများစွာ ထုတ်ခဲ့ကြပြီး ယူဂိုဆလားဗီးယားနိုင်ငံအတွက် အန္တရာယ်အရှိဆုံးမှာ ပြည်တွင်းရေးပင်ဖြစ်သည်ဟု ဆိုခဲ့ကြသည်။

### အက်ကြောင်းပေါ်ပေါက်လာ

လေ့လာသူများ သုံးသပ်အဖြေထုတ်သကဲ့သို့ပင် ယူဂိုဆလားဗီးယားနိုင်ငံသည် မာရှယ်တီတိုး ကွယ်လွန်ပြီး ၁၀ နှစ်မျှအကြာတွင် စတင်အက်ကြောင်းပေါ်ပေါက်လာသည်။ နောက်တစ်နှစ်၊ နှစ်နှစ်အတွင်း တစ်စစီပြိုကွဲသွားခဲ့လေသည်။

၁၉၈၈ ခုနှစ်တွင် ဆားဘီးယားပါတီဥက္ကဋ္ဌအဖြစ် ဆလိုဘိုဒန်မီလိုဆီဗစ် တက်လာသည်။ မီလိုဆီဗစ်သည် ယူဂိုဆလားဗီးယားပြည်ထောင်စုတစ်ခုလုံးကို ဗဟိုချုပ်ကိုင်မှုစနစ်ဖြင့် ဆာ့ဗ်တို့က ပြန်လည်အုပ်ချုပ်ရန် ကြိုးပမ်းခဲ့သည်။ ထို့ကြောင့် ဆာ့ဗ်လူမျိုးစုမဟုတ်သော တိုင်းရင်းသားလူမျိုးများ စိုးရိမ်ထိတ်လန့်လာကြသည်။ ၁၉၈၈ နှင့် ၁၉၈၉ ခုနှစ်တွင် မီလိုဆီဗစ်သည် ဗော့ချ်ဗိုဒီနာနှင့် မွန်တီနီဂရိုးပါတီနှင့် ပြည်နယ်ခေါင်းဆောင်များကို ဖယ်ရှားပစ်ခဲ့သည်။ ကိုဆိုဗိုနှင့်ဗော့ချ်ဗိုဒီနာပြည်နယ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်များကိုလည်း ရုပ်သိမ်းလိုက်သည်။ ကိုဆိုဗိုတွင် လူများစုဖြစ်သော အယ်လ်ဘေးနီးယားလူမျိုးများကို နှိပ်ကွပ်လွှန်းဟု ယူဆပြီး အယ်လ်ဘေးနီးယားများ သူပုန်ထကြသည်။

၁၉၉၀ ပြည့်နှစ် ဇန်နဝါရီလတွင် ယူဂိုဆလားဗီးယားကွန်မြူနစ်အဖွဲ့ချုပ် ပြိုကွဲလေသောအခါ ထိုနှစ်နှောင်းပိုင်းတွင် ကျင်းပသော ရွေးကောက်ပွဲများတွင် အမျိုးသားရေးပါတီများ နေရာရလာကြသည်။ ထိုအခါ သီးခြားခွဲထွက်ရေးတောင်းဆိုမှုဖြစ်ပေါ်လာ၍ ဆန္ဒခံယူပွဲများ ပြုလုပ်ခဲ့ကြရာ ၁၉၉၀ ပြည့်နှစ် ဒီဇင်ဘာလတွင် ဆလိုဘင်းတို့က စတင်၍ ခွဲထွက်မည်ဟု ဆန္ဒပေးကြသည်။ ၁၉၉၁ ခုနှစ် ဇွန်လတွင် ခရိုအေးရှားကလည်း ခွဲထွက်မည်ဟု ဆန္ဒပေးကြပြန်သည်။ သို့နှင့် ၁၉၉၁ ခုနှစ် ဇွန်လ ၂၅ ရက်တွင် ခရိုအေးရှားနှင့် ဆလိုဗီးနီးယားတို့က လွတ်လပ်ရေးကြေညာခဲ့ကြသည်။

*စာမျက်နှာ ၇ သို့*

**❂ ၃၅ နှစ်ကြာမျှ မာရှယ်တီတိုး တည်ဆောက်ခဲ့သော ယူဂိုဆလားဗီးယားပြည်ထောင်စုသည် တီတိုးလွန်ပြီး ဆယ်စုနှစ်တစ်ခုမျှအကြာတွင် ဝါးအစည်းပြေသလို ဖရိုဖရဲ ပြိုကွဲသွားခဲ့ရလေသည်**

**❂ ယခင်က အရှေ့ဥရောပဆိုရှယ်လစ်နိုင်ငံများထဲတွင် စံပြတစ်နိုင်ငံအဖြစ် ခေတ်မီဖွံ့ဖြိုးတိုးတက်ခဲ့သော နိုင်ငံတစ်နိုင်ငံသည် စစ်ပွဲကာလအတွင်း ထောင်းလမောင်း ကြေမွပျက်စီးသွားခဲ့သည်။ စစ်ပွဲကာလအတွင်း အပြစ်မဲ့ပြည်သူများ သိန်းနှင့်ချီ သေကျေပျက်စီးခဲ့ကြရသလို ကျန်ရှိသူများမှာလည်း စားရမဲ့၊ သောက်ရမဲ့ စစ်ဘေးဒုက္ခသည်များအဖြစ် အခြားနိုင်ငံများတွင် ခိုလှုံနေခဲ့ကြရသည်။ ယူဂိုဆလားဗီးယားနိုင်ငံ၏ သမိုင်းဖြစ်စဉ်များသည် ပြည်ထောင်စုနိုင်ငံများအတွက် သမိုင်းသင်ခန်းစာတစ်ရပ်ဖြစ်**

# ကျွန်းစုမြို့နယ်ရှိ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ကျွန်းစု ဇန်နဝါရီ ၂၆**

တနင်္သာရီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်လှိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ဇန်နဝါရီ ၂၄ ရက်က ကျွန်းစုမြို့နယ် စခန်းသစ်ကျေးရွာအထကတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူများအား တွေ့ဆုံသည်။

ဦးစွာ စာသင်ကျောင်းရုံးခန်း၌ တိုင်းဒေသကြီးဝန်ကြီးက ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ကျေးရွာများ ဖွံ့ဖြိုးရေးဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ဒေသခံများက လိုအပ်ချက်များကို တင်ပြကြရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးတင်ပြသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပံ့ပိုးငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက စခန်းသစ်-ဝါးအော် ကျေးရွာချင်းဆက် (၁/၄)မိုင်ကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ရန်ပုံငွေ ၂၀၈ ဒသမ ၀၆၅ သန်းဖြင့် ဆောင်ရွက်သည့် အကျယ် ၁၄ ပေ၊ ဒုခြောက်လက်မ ကျောက်ချောလမ်းကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ဝါးအော်ကျေးရွာ မူလတန်းလွန်ကျောင်းသို့ ရောက်ရှိပြီး ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများအား တွေ့ဆုံ၍ ကျောင်းအတွက် လိုအပ်သည်များကို ပံ့ပိုးဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ရန်ပုံငွေ ၃၈၄ ဒသမ ၁၂၀ သန်းဖြင့် ဆောင်ရွက်သည့် စခန်းသစ်-ပင်ပွားအော်-သဲအော်ကျေးရွာချင်းဆက်လမ်း မိုင်တိုင်အမှတ် (၁/၁) မိုင်မှ (၁/၇)မိုင်အကြား (၀/၆) မိုင်ကို အကျယ် ၁၂ ပေ၊ ဒုခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် စခန်းသစ်-ဝါးအော် ကျောက်ချောလမ်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို တိုင်းဒေသကြီးဝန်ကြီးနှင့် အဖွဲ့ဝင်များ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။ **ခိုင်ထူး(ပြန်/ဆက်)**



# ကွန်ပျူတာတက္ကသိုလ်(သထုံ)၏ (၁၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပ

**သထုံ ဇန်နဝါရီ ၂၆**

မွန်ပြည်နယ် သထုံမြို့နယ်ရှိ ကွန်ပျူတာတက္ကသိုလ်(သထုံ)၏ (၁၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို ဇန်နဝါရီ ၂၅ ရက် နံနက်က တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ကွန်ပျူတာတက္ကသိုလ်(သထုံ) ပါမောက္ခချုပ် ဒေါက်တာနီလာသိန်းနှင့် ပညာရေးအဖွဲ့ဝင်များက ကွန်ပျူတာသိပ္ပံဘွဲ့ Bachelor of Computer Science (B.C.Sc.) ၅၃ ဦး၊ ကွန်ပျူတာ နည်းပညာဘွဲ့ Bachelor of Computer Technology (B.C.Tech.) ရှစ်ဦးတို့အား ဘွဲ့လက်မှတ်များ ချီးမြှင့်အပ်နှင်းပြီးနောက် ပါမောက္ခချုပ်က ဘွဲ့နှင်းသဘင်မိန့်ခွန်း ပြောကြားသည်။

အဆိုပါ အခမ်းအနားတွင် အဝေးရောက်ဘွဲ့ယူသူ လေးဦး အပါအဝင် ဘွဲ့ရ ၆၅ ဦးတို့အား သက်ဆိုင်ရာဘွဲ့များ ချီးမြှင့်အပ်နှင်းပြီး ပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ဝင်များ၊ ဘွဲ့ရကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏ မိသားစုဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# မြဝတီမြို့၌ ပညာရေးစုံညီပွဲတော် ကျင်းပ

**မြဝတီ ဇန်နဝါရီ ၂၆**

ကရင်ပြည်နယ် မြဝတီမြို့ ပညာရွှေဖူး ကိုယ်ပိုင်အလယ်တန်းကျောင်း၏ ၂၀၂၄ -၂၀၂၅ ပညာသင်နှစ်ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၂၄ ရက်က ကျင်းပသည်။

အခမ်းအနားတွင် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းအုပ်ဆရာကြီး ဦးညီညီအောင်က နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုသည် ပညာရေးကဏ္ဍမှ အခြေခံကြောင်း၊ ဘက်စုံထူးချွန်သည့် ကျောင်းသား ကျောင်းသူများ မွေးထုတ်ပေးခြင်းဖြင့် နိုင်ငံတော်အတွက် အားထားရသည့် လူ့စွမ်းအားအရင်းအမြစ်များစွာ ပေါ်ထွန်းလာမည်ဖြစ်ကြောင်း ပြောကြားသည်။ ဆက်လက်၍ Grade-6 မှ ကျောင်းသူများက တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ပြီး ထိုင်းဘာသာနှင့် အင်္ဂလိပ်ဘာသာစွမ်းရည် ထူးချွန်ဆုရရှိသူများက စွမ်းရည်ပြသသည်။ ထို့နောက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ထူးချွန်ဆုရရှိသူများအား ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ဇာဖြူဝင်း(မြဝတီ)**



# ဇီးကွဲ-အုန်းပင်ခြံ ကျေးရွာချင်းဆက်လမ်း ကွန်ကရစ်တံတားတည်ဆောက်



**ရမည်းသင်း ဇန်နဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်အတွင်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၁၃၉ ဒသမ ၃၂ သန်းဖြင့် ဇီးကွဲ-အုန်းပင်ခြံ ကျေးရွာချင်းဆက်လမ်းပေါ်တွင် အရှည်ပေ ၄၀ ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းကို တင်ဒါအောင်ကုမ္ပဏီက ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၅ ရက်က တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်း၊ ရမည်းသင်းခရိုင်လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်အေးသူဇာလှ၊ မြို့နယ်တာဝန်ခံ ဒေါ်စုမွန်ဖွေးတို့ ကွင်းဆင်းကြည့်ရှုသည်။ **ခရိုင်(ပြန်/ဆက်)**

*စာမျက်နှာ ၆ မှ*

မကြာမီ ခရိုအေးရှားတွင် ပြည်တွင်းစစ်ထဖြစ်လာတော့သည်။ ယူဂိုဆလပ်တပ်မတော်၏ ထောက်ပံ့မှုရရှိသော ခရိုအေးရှားဆာ့ဗ်ပြည်သူ့စစ်များက တစ်ဖက်၊ အရေးပေါ် ခရိုအေးရှားလွတ်လပ်ရေးတပ်ကတစ်ဖက် တိုက်ခိုက်ကြရာ ကုလသမဂ္ဂက အထူးကိုယ်စားလှယ် စေလွှတ်၍ကြားဝင်ဖျန်ဖြေခဲ့ရသည်။ ဥရောပအဖွဲ့ EC (ယခု EU)က ယူဂိုဆလားဗီးယား ပြန်လည်စည်းလုံးညီညွတ်ရေးကို ကြိုးစားခဲ့သော်လည်း မအောင်မြင်သည့်အဆုံး ၁၉၉၂ ခုနှစ် ဇန်နဝါရီလတွင် ဆလိုဗီးနီးယားနှင့် ခရိုအေးရှားကို အသိအမှတ်ပြုလိုက်သည်။

ထိုအခါ မက်ဆီဒိုးနီးယားနှင့် ဘော့စနီးယားနှစ်နိုင်ငံစလုံးကလည်း ဆာ့ဗ်များကြီးစိုးနေသည့် လက်ကျန် ယူဂိုဆလားဗီးယား ပြည်ထောင်စုထဲတွင် မနေလိုတော့ဟုဆိုကာ လွတ်လပ်ရေးကြေညာရန် စိုင်းပြင်းခဲ့ကြပြန်သည်။ EC က အသိအမှတ်ပြုရန် ၁၉၉၁ ခုနှစ် နှစ်ကုန်ခါနီးတွင် လျှောက်ထားခဲ့ကြသည်။

၁၉၉၂ ခုနှစ် နွေဦးတွင် ယူဂိုဆလပ်နှင့် မက်ဆီဒိုးနီးယားတို့ ဆွေးနွေးညှိနှိုင်းမှု အောင်မြင်ခဲ့ပြီး ယူဂိုဆလပ်စစ်တပ်များ ငြိမ်းချမ်းစွာ ပြန်လည်ရုပ်သိမ်းပေးခဲ့၍ မက်ဆီဒိုးနီးယားသည် စစ်မဖြစ်ဘဲ လွတ်လပ်ရေးရသော ယူဂိုဆလားဗီးယား၏ အမွေခံနိုင်ငံတစ်ခု ဖြစ်ခဲ့လေသည်။

ဘော့စနီးယားတို့မှာမူ ကံမကောင်းခဲ့ချေ။ ၁၉၉၂ ခုနှစ် ဧပြီလတွင် ပြည်တွင်းစစ်ဖြစ်ခဲ့သည်။ စစ်ဖြစ်ချိန်မှာပင် အမေရိကန်နှင့် EC (ယခု EU) က ဘော့စနီးယားကို အသိအမှတ်ပြုခဲ့သည်။ ဘော့စနီးယားတွင် ဆာ့ဗ်၊ ခရိုအက်နှင့် ဘော့စနီးယားမူဆလင်တို့သည် လူမျိုးရေးကို ရှေ့တန်းတင်၍ အပြင်းအထန်တိုက်ခိုက်ကြရာ အပြစ်မဲ့ပြည်သူအမြောက်အမြား သေကျေပျက်စီးခဲ့ကြရလေသည်။

တစ်ဖန် ဆားဘီးယားနိုင်ငံ၏ ပြည်နယ်အစိတ်အပိုင်းတစ်ခုဖြစ်သော ကိုဆိုဗိုပြည်နယ်ကလည်း သီးခြားလွတ်လပ်ခွင့်တောင်းဆိုရာမှ ၁၉၉၈ ခုနှစ်တွင် ကိုဆိုဗိုစစ်မီး ထပ်ဆင့်လောင်ကျွမ်းခဲ့လေရာ ယခုတစ်ကြိမ်တွင် အမေရိကန် ဦးဆောင်သော နေတိုးစစ်အုပ်စုသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ခွင့်ပြုချက်မပါဘဲ ယူဂိုဆလားဗီးယားကို လေကြောင်းမှ အပြင်းအထန်တိုက်ခိုက်ခဲ့သည်။ နေတိုးစစ်အုပ်စုသည် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ကျင်းပနေစဉ်မှာပင် စစ်ရေးပစ်မှတ်များကို ပြင်ဆင်နေခဲ့ပြီး ဆွေးနွေးပွဲပျက်ပြားသွားပြီးနောက် ၁၉၉၉ ခုနှစ် မတ်လ ၂၄ ရက်နေ့တွင် လေကြောင်းမှ စတင်ကျူးကျော်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

တစ်ဖက်တွင်လည်း ဆားဘီးယားနှင့် မွန်တီနီဂရိုးသည် ၁၉၉၂ ခုနှစ် ဧပြီလတွင် ယူဂိုဆလားဗီးယားဖက်ဒရယ်သမ္မတနိုင်ငံဟု ကြေညာခဲ့ရာ ထိုကြေညာချက်သည် ကျန်လေးနိုင်ငံ ခွဲထွက်သွားသည်ကို အသိအမှတ်ပြုလုပ်သည့်သဘောသက်ရောက်သွားလေသည်။ ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလတွင်မူ ယူဂိုဆလားဗီးယားဖက်ဒရယ်သမ္မတနိုင်ငံကို ဆားဘီးယားနှင့် မွန်တီနီဂရိုးနိုင်ငံဟု အမည်ပြောင်းလိုက်သည်။

**ဝါးအစည်းပြေသလို ဖရိုဖရဲ**

ဤသို့ဖြင့် ၃၅ နှစ်ကြာမျှ မာရှယ်တီတိုး တည်ဆောက်ခဲ့သော ယူဂိုဆလားဗီးယား ပြည်ထောင်စုသည် တီတိုးလွန်ပြီး ဆယ်စုနှစ်တစ်ခုမျှအကြာတွင် ဝါးအစည်းပြေသလို ဖရိုဖရဲ ပြိုကွဲသွားခဲ့ရလေသည်။

ယခင်က အရှေ့ဥရောပဆိုရှယ်လစ်နိုင်ငံများထဲတွင် စံပြတစ်နိုင်ငံအဖြစ် ခေတ်မီဖွံ့ဖြိုးတိုးတက်ခဲ့သော နိုင်ငံတစ်နိုင်ငံသည် စစ်ပွဲကာလအတွင်း ထောင်းလမောင်း ကြေမွပျက်စီးသွားခဲ့သည်။ စစ်ပွဲကာလအတွင်း အပြစ်မဲ့ပြည်သူများ သိန်းနှင့်ချီ သေကျေပျက်စီးခဲ့ကြရသလို ကျန်ရှိသူများမှာလည်း စားရမဲ့၊ သောက်ရမဲ့ စစ်ဘေးဒုက္ခသည်များအဖြစ် အခြားနိုင်ငံများတွင် ခိုလှုံနေခဲ့ကြရသည်။ ယူဂိုဆလားဗီးယားနိုင်ငံ၏ သမိုင်းဖြစ်စဉ်များသည် ပြည်ထောင်စုနိုင်ငံများအတွက် သမိုင်းသင်ခန်းစာတစ်ရပ်ဖြစ်ပေသည်။

**သို့ဖြစ်ရကား ၂၀၂၅ ခုနှစ် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အခါသမယတွင် ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့ အစွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားတိုင်းက ဥမကွဲသိုက်မပျက်၊ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်၊ အေးအတူ ပူအမျှဟူသည့် ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထက်မြက်စေရန် ကျင့်ကြံမွေးမြူကြရပါမည်။**

**နွားကွဲလျှင် ကျားဆွဲပေလိမ့်မည်။ ယခုမျက်မှောက်ကာလမှာပင် အကြမ်းဖက်လက်နက်ကိုင် အဖွဲ့အစည်းအချို့ ကြီးစိုးနေသော ဒေသအချို့တွင် လက်နက်ကိုင်အချင်းချင်း သူတစ်လူ ငါတစ်မင်း နယ်မြေလုရင်း ပဋိပက္ခများ ဖြစ်ပေါ်နေသည်ကို သင်ခန်းစာအဖြစ် ကျွန်ုပ်တို့ ပြည်ထောင်စုသားအားလုံး ရှုမြင်သတိချပ်ကြရပေမည်။ ပြည်ထောင်စုကြီး မပြိုကွဲရေးအတွက် ပြည်ထောင်စု၏ မည်သည့်ဒေသတွင် နေထိုင်သည်ဖြစ်စေ ပြည်ထောင်စုစိတ်ဓာတ်ကိုသာ ဦးထိပ်ပန်ဆင်ကြရပေမည်။ အဘယ်ကြောင့်ဆိုသော် ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲနေမှသာ ပြည်ထောင်စု၏အရိပ်ကို ကျွန်ုပ်တို့ သားစဉ်မြေးဆက် ငြိမ်းချမ်းပျော်ရွှင်စွာ ခိုလှုံနိုင်ကြမည်ဖြစ်ပါသည်။ ။**

**ကိုးကား - မောင်ဝံသ၏ "မာရှယ်တီတိုးနိုင်ငံရေးအတ္ထုပ္ပတ္တိ"**

## နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ မြန်မာ-ဘာရာဇီးလ် နှစ်နိုင်ငံအကြား စတုတ္ထအကြိမ် နိုင်ငံရေးရာဆွေးနွေးပွဲ တက်ရောက်ရန် ဘာရာဇီးလ်နိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဇန်နဝါရီ ၂၆**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဘာရာဇီးလ်နိုင်ငံ ဘာရာဇီးလျားမြို့၌ ကျင်းပမည့် မြန်မာ-ဘာရာဇီးလ်နှစ်နိုင်ငံအကြား စတုတ္ထအကြိမ် နိုင်ငံရေးရာဆွေးနွေးပွဲသို့ တက်ရောက်ရန်အတွက် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ ဘာရာဇီးလ်နိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




## လူငယ့်အားမာန်သမအသင်းက နွေစပါးနှင့်နေကြာ စိုက်ပျိုး

**ဖြူး ဇန်နဝါရီ ၂၆**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် သမဝါယမကဏ္ဍမှ နွေစပါး ၁၂၅ ဧကအနက် လူငယ့်အားမာန်စိုက်ပျိုးရေးနှင့်လုပ်ငန်းစုံသမဝါယမအသင်းလီမိတက်က YSR-1 စပါးမျိုး ၁၀ ဧက၊ GW-11 စပါးမျိုး ဧက ၅၀ နှင့် ထိုင်းနံ့ကောက်စပါးမျိုး ၆၅ ဧက စိုက်ပျိုးသွားမည်ဖြစ်ရာ ယခုအခါ YSR-1 စပါးမျိုး ၁၀ ဧကကို စိုက်ပျိုးပြီးဖြစ်သည်။

ထို့ပြင် ဆီထွက်သီးနှံနေကြာကို သမဝါယမအသင်း ခြောက်သင်း၊ အသင်းသား ၃၃ ဦး၏ စိုက်ဧက ၃၀၀ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အသင်းအနေဖြင့် နေကြာစံပြစိုက်ခင်း ဧက ၂၀ စိုက်ပျိုးခဲ့ပြီး အဆိုပါနေကြာစိုက်ခင်းအတွက်လိုအပ်သည့်ရှုရှားသဘာဝမြေဩဇာများ ပက်ဖျန်းခြင်းနှင့် ပေါင်းလုံး၊ ပေါင်းရှင်းခြင်းများ ဆောင်ရွက်ထားရှိကြောင်း သိရသည်။ **သတင်းစဉ်**

### လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊
(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊
(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊
(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊
(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊
(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သော အဖွဲ့အစည်းနှင့်ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**





## ရန်ကုန်မြို့ အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)၌ အပြည်ပြည်ဆိုင်ရာ အကောက်ခွန်နေ့အခမ်းအနားကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၆**

အပြည်ပြည်ဆိုင်ရာအကောက်ခွန်နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်) ဇေယျာသီဟခန်းမ၌ ကျင်းပရာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထွဋ်၊ ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အကောက်ခွန်ဦးစီးဌာန အရာထမ်း၊ အမှုထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးမင်းထွဋ်က ၂၀၂၅ ခုနှစ်အတွက် အပြည်ပြည်ဆိုင်ရာအကောက်ခွန်နေ့ ဆောင်ပုဒ်မှာ "Customs Delivering on its Commitment to Efficiency, Security and Prosperity" ဖြစ်ပါကြောင်း၊ ကမ္ဘာ့အကောက်ခွန်အဖွဲ့ ဆောင်ပုဒ်နှင့်အညီ အကောက်ခွန်ဦးစီးဌာနအနေဖြင့် လုပ်ထုံးလုပ်နည်းများ၊ ကုန်သွယ်မှုကွင်းဆက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ အကောက်ခွန်ဦးစီးဌာနအနေဖြင့် လုပ်ငန်းဆောင်ရွက်မှုများ၌ နည်းပညာပလက်ဖောင်းလမ်းကြောင်းတွင် ခေတ်မီနည်းပညာများဖြင့် နိုင်ငံ့တာဝန်ကို ထမ်းဆောင်ရေးအတွက် ခေတ်နှင့်အညီ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးအတွက် အမြဲမပြတ်လေ့လာသင်ယူကြစေလိုကြောင်း၊ အကောက်ခွန်ဝန်ထမ်းများသည် နိုင်ငံတော်နှင့် ဝန်ကြီးဌာနမှ ချမှတ်ထားသော မူဝါဒများနှင့် အကောက်ခွန်ဦးစီးဌာနက ချမှတ်ထားသည့် ညွှန်ကြားချက်များကို လိုက်နာပြီး အဂတိတရားကင်းစွာဖြင့် နိုင်ငံတော်၏ လုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ အကောက်ခွန်ဦးစီးဌာန၏ ဂုဏ်ကို ရေရှည်လင်းလက်တောက်ပနေစေရန် ဆောင်ရွက်သွားကြရမည်ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်မှုအပိုင်းတွင် ထာဝစဉ်မှတ်ကျောက်တင်ခံနိုင်ရေးအတွက် အလေးထားဆောင်ရွက်ရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်က အမှာစကားပြောကြားပြီး အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေက အကောက်ခွန်ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့က (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ဂုဏ်ပြုဆုရဘောလုံးအသင်း၊ သွေးလှူဒါန်းမှုအကြိမ်(၂၀)နှင့်အထက် ချီးကျူးဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းဆုရရှိကြသူများ၊ အကောက်ခွန်ဦးစီးဌာနရှိ ဌာနခွဲများအလိုက် ဂုဏ်ပြုဆုရရှိကြသူများ၊ လုပ်ငန်းစွမ်းဆောင်ရည် ဂုဏ်ပြုဆုရရှိကြသူများ၊ တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သည့်အတွက် ချီးကျူးဂုဏ်ပြုဆုရရှိကြသူများနှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် အကောက်ခွန် ဝန်ထမ်းသားသမီးများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး ဇေယျာသီဟခန်းမရှေ့၌ ခင်းကျင်းပြသထားသည့် အကောက်ခွန်ဦးစီးဌာန၏ တစ်နှစ်တာလှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများနှင့် အကောက်ခွန်သမိုင်းပြတိုက်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပင်စင်ဦးစီးဌာန ရုံးအဆောက်အအုံဟောင်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးကြောင်း သိရသည်။ **သတင်းစဉ်**

## ဘားအံမြို့၌ သီရိမင်္ဂလာမြို့ပြင်ခမ္မစကူးလ်၏ ကျောင်းဆင်းပွဲအခမ်းအနားကျင်းပ

**ဘားအံ ဇန်နဝါရီ ၂၆**



ကရင်ပြည်နယ် ဘားအံမြို့နယ် ပအိုဝ်းကော့ကျိုက်စံပြကျေးရွာ သီရိမင်္ဂလာ အမှတ်(၅)ရပ်ကွက် ကျေးလက်ကုန်ထုတ်လမ်းနှင့် ကျေးရွာအတွင်း လမ်းဖွင့်ပွဲနှင့် ဘားအံမြို့ အမှတ်(၅)ရပ်ကွက် သီရိမင်္ဂလာမြို့ပြင်ခမ္မစကူးလ်၏ (၁၀)ကြိမ်မြောက် ခမ္မစကူးလ်ကျောင်းဆင်းပွဲတို့ကို ဇန်နဝါရီ ၂၆ ရက်က ကျင်းပသည်။

ပအိုဝ်းကော့ကျိုက်စံပြကျေးရွာ သီရိမင်္ဂလာ အမှတ်(၅)ရပ်ကွက် ကျေးလက်ကုန်ထုတ်လမ်းနှင့် ကျေးရွာအတွင်းလမ်းဖွင့်ပွဲကို ရွာလယ်လမ်းဆုံ၌ ယနေ့နံနက် ၇ နာရီက ကျင်းပရာ ပြည်နယ်ကျက်သရေဆောင်ကျောက်ကလပ်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တဝိမလ၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစန်းကိုနှင့် တာဝန်ရှိသူများ တက်ရောက်ဖွင့်လှစ်ပေးသည်။

ဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ လမ်းဖွင့်ပွဲအခမ်းအနားကို စတင်ဖွင့်လှစ်ပြီး ကျောက်ကလပ် ဆရာတော်ဘဒ္ဒန္တဝိမလ၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစန်းကိုနှင့် လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌတို့က ပြည်နယ်အစိုးရအဖွဲ့၏ မတည်လှူဒါန်းငွေကျပ်သိန်း ၅၀၊ ပြည်သူလူထု ထည့်ဝင်ငွေကျပ်သိန်း ၆၀၀ စုစုပေါင်းငွေကျပ်သိန်း ၆၅၀ ဖြင့် ဆောင်ရွက်ခဲ့သော အလျား ၂၂၃၇ ပေ၊ အကျယ် ၁၂ ပေ၊ ဒု ၆ လက်မရှိ ကွန်ကရစ်အမျိုးအစား ကျေးလက်ကုန်ထုတ်လမ်းနှင့် ကျေးရွာအတွင်းလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဘားအံမြို့ အမှတ်(၅)ရပ်ကွက် သီရိမင်္ဂလာမြို့ပြင်ခမ္မစကူးလ်၏ (၁၀)ကြိမ်မြောက် ခမ္မစကူးလ် ကျောင်းဆင်းပွဲကို နံနက် ၈ နာရီက သီရိမင်္ဂလာမြို့ပြင်စာသင်တိုက်၌ ကျင်းပရာ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး တက်ရောက်အားပေးချီးမြှင့်သည်။

ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး၊ ခမ္မစကူးလ်ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများက သီရိမင်္ဂလာမြို့ပြင်ဆရာတော် ဘဒ္ဒန္တအိန္ဒြေဘာသထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးက (၁၀)ကြိမ်မြောက်ခမ္မစကူးလ်၌ ကျောင်းတက်မှန်ဆုနှင့် ပြည်နယ်၊ မြို့နယ်အဆင့် ထူးချွန်ဆုရရှိကြသူများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ခမ္မစကူးလ်ကျောင်းဆင်းပွဲ ဖြစ်မြောက်ရေးအဖွဲ့မှ အလှူငွေကျပ် သုံးသိန်းကို ပေးအပ်လှူဒါန်းပေးပါသော ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ချီးမြှင့်ပြီး ပြည်နယ်ဝန်ကြီးက ခမ္မစကူးလ် ဆရာ ဆရာမများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့် ဆံတော်ရှင်ရွှေမော်ဓောစေတီတော်မြတ်ကြီး၌ စတုတ္ထအကြိမ်မြောက် ဆေးပဋ္ဌာန်းရွတ်ဖတ်ပူဇော်လှူဒါန်းပွဲ အောင်ပွဲအခမ်းအနားကျင်းပ



**ပဲခူး ဇန်နဝါရီ ၂၆**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူး၍ ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့်ဆံတော်ရှင် ရွှေမော်ဓောစေတီတော်မြတ်ကြီး၌ စတုတ္ထအကြိမ်မြောက် ဆေးပဋ္ဌာန်း ရွတ်ဖတ်ပူဇော်လှူဒါန်းပွဲ အောင်ပွဲ အခမ်းအနားအား ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းက အဆိုပါစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်၌ ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့်ဆံတော်ရှင် ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်ရှိ ရွှေကျောင်းတော် ကျောက်ပန်းတောင်းဓမ္မာရုံ၌ စတုတ္ထအကြိမ်မြောက် ဆေးပဋ္ဌာန်း ရွတ်ဖတ်ပူဇော်လှူဒါန်းပွဲ အောင်ပွဲအခမ်းအနားအား "နမော တဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို စတင်ဖွင့်လှစ်ခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဧည့်ပရိသတ်အပေါင်းက ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့်ဆံတော်ရှင် ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဩဝါဒါစရိယဖြစ်တော်မူသော နိုင်ငံတော်ဩဝါဒါစရိယ ပဲခူးမြို့ မြို့မစာသင်တိုက်ကြီး၏ ပဓာနနာယက ဘဒ္ဒန္တဂန္ဓမာထံမှ ငါးပါးသီလ ခံယူဆောက်တည်ခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြွရောက်လာသည့် ဩဝါဒါစရိယ ဆရာတော်ကြီးများအား ဆေးပစ္စည်းအလှူတော်များ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်အပေါင်းက ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့် ဆံတော်ရှင်ရွှေမော်ဓောစေတီတော် မြတ်ကြီး၏ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဖြစ်တော်မူသော ပဲခူးမြို့ ဥဿာသီရိစာသင်တိုက်ကြီး၏ ပဓာနနာယက ဒေါက်တာဘဒ္ဒန္တသူရိယ မဟာထေရ် ဆရာတော်အရှင်သူမြတ်ထံမှ အနုမောဒနာတရား နာယူခဲ့ပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေခဲ့ကြသည်။ ယင်းနောက် ပဲခူးမြို့ ရတနာသီရိန်ကျောင်းတိုက် တိုက်အုပ်ဆရာတော် ပဋ္ဌာနဘာဏကဖြစ်တော်မူသော ဆရာတော်ဘဒ္ဒန္တဝိနယ အရှင်သူမြတ်က နတ်ဗြဟ္မာများအား ပြန်လည်ပို့ဆောင်ပြီး အခမ်းအနားအောင်ပွဲအား "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းပေးခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တရားလွှတ်တော်တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တိုင်းဒေသကြီး/ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် စေတနာရှင်ပြည်သူများက ကြွရောက်လာသည့် သံဃာတော်နှင့် သီလရှင် ၈၁ ပါးတို့အား ဆေးနှင့်လှူဖွယ်ပစ္စည်းများ လောင်းလှူပူဇော်ကြပြီး ကြွရောက်လာသည့် သံဃာတော်အရှင်သူမြတ်များနှင့် သီလရှင်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်းနှင့် ဘုရားဖူးလာပြည်သူများအား စတုဒိသာကျွေးမွေးခြင်း၊ ဆေးဝါးအခမဲ့ပေးဝေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ စေတနာရှင်ပြည်သူများ၏ စုပေါင်းလှူဒါန်းမှုဖြင့် ပဲခူးမြို့ကျက်သရေဆောင် ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်ရင်ပြင်တော်ပေါ်ရှိ ရွှေကျောင်းတော် ကျောက်ပန်းတောင်းဓမ္မာရုံ၌ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၀ ရက်မှ ၂၆ ရက်အထိ ခုနစ်ရက်တိုင်တိုင် ရဟန်း၊ ရှင်၊ လူ ပြည်သူအပေါင်း အသက်ရှည်စွာ အနာမရှိကြဘဲ ရောဂါဘေးဘယာများ ဝေးကွာစေခြင်း၊ ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီး နှစ်ပေါင်းများစွာ ရှည်ကြာတည်တံ့စေနိုင်ရေး မျှော်ရည်မှန်း၍ သံဃာတော်အရှင်သူမြတ်များက ဆေးပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# နွေနှမ်းသီးနှံ စိုက်ကေများ ပန်းတိုင်အထွက်နှုန်းရရှိရေး မိတ္ထီလာမြို့နယ်နှင့် ဝမ်းတွင်းမြို့နယ်များအတွင်း တောင်သူများနှင့် တွေ့ဆုံ

**မိတ္ထီလာ ဇန်နဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်သည် မိတ္ထီလာမြို့နယ်နှင့် ဝမ်းတွင်းမြို့နယ်များအတွင်းရှိ နွေနှမ်းသီးနှံ စိုက်ကေများ ပန်းတိုင်အထွက်နှုန်းရရှိရေး နွေနှမ်းသီးနှံစိုက်ပျိုးမည့် တောင်သူများနှင့် တွေ့ဆုံပွဲကို ယမန်နေ့က မိတ္ထီလာမြို့နယ် ချောက်ပင်ကျေးရွာ၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် မန္တလေးတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးက နွေနှမ်းသီးနှံစိုက်တောင်သူများ ပန်းတိုင်အထွက်ရရှိရေး စိုက်ပျိုးရာတွင် လိုအပ်သည့် မျိုးစေ့၊ ကာကွယ်ဆေး၊ မြေယာပြုပြင်ခြင်း၊ ရေပေးနိုင်သည့်အခြေအနေ၊ စိုက်နည်းစနစ်မှန်ကန်ရေးနှင့် စိုက်ပျိုးရေး တောင်သူများ စိုက်ပျိုးရာတွင် တွေ့ကြုံရသည့် အခက်အခဲများ သိရှိရန် လာရောက်ခြင်းဖြစ်ပါကြောင်း ပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး မြေပြင်ကွင်းဆင်းကြီးကြပ်ရေးအဖွဲ့နှင့် ခရိုင်မြေပြင်ကွင်းဆင်း ကြီးကြပ်ရေးအဖွဲ့များမှ တာဝန်ရှိသူများက နွေနှမ်းသီးနှံ ပန်းတိုင်အထွက်ရရှိရေး အထွက်နှုန်းကောင်းသည့် မျိုးစေ့၊ စိုက်နည်းစနစ်၊ ရေပေးနိုင်မည့်အခြေအနေများ၊ သီးနှံကာကွယ်ဆေးနှင့် ဓာတ်မြေဩဇာ ထည့်သွင်းခြင်းအခြေအနေများ၊ လယ်မြေပြုပြင်ခြင်းလုပ်ငန်းများ၊ လယ်ယာမြေများနှင့်ပတ်သက်သည့် ဥပဒေအကြောင်းအရာများ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးစရိတ်နှင့်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေသည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒေသခံပြည်သူများက စိုက်ပျိုးရာတွင် တွေ့ကြုံရသည့် အခက်အခဲများကို တင်ပြခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက စက်မှုလယ်ယာဦးစီးဌာနမှ လယ်ထွန်စက်များဖြင့် လယ်ယာမြေပြုပြင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဝမ်းတွင်းမြို့နယ်အတွင်းရှိ ရေတွင်းကျေးရွာ၊ ဒိုင်ကောင်းကုန်းကျေးရွာနှင့် ရွှေတောင်ကျေးရွာများမှ နွေနှမ်းသီးနှံစိုက်ပျိုးမည့် တောင်သူများနှင့် တွေ့ဆုံ၍ နွေနှမ်းသီးနှံစိုက်ကေများ ပန်းတိုင်အထွက်ရရှိရေး ဒေသခံတောင်သူများ စိုက်ပျိုးရာတွင် တွေ့ကြုံရသည့် အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ယင်းနောက် ဝမ်းတွင်းမြို့နယ် ကင်းတာဆည်ရေသောက်စနစ်အတွင်း စမုံရေငုတ်ပြွန်အသစ် ပြန်လည်တည်ဆောက်နေမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုရာ ဆည်မြောင်းနှင့် ရေအသုံးချမှုဦးစီးဌာနမှ မြစ်သားမြို့နယ် ဦးစီးမှူး ဦးတင်မြင့်အောင်က တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေနှင့် စိုက်ပျိုးရေပေးဝေနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ညောင်တုန်းမြို့နယ်၌ ပြည်ထောင်စုနေ့အထိမ်းအမှတ် ဘောလုံးပြိုင်ပွဲ ကျင်းပ



**ညောင်တုန်း ဇန်နဝါရီ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား ရပ်ကွက်/ကျေးရွာအုပ်စု ပေါင်းစုံ အသက် (၂၃) နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးကျော်က (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဦးဆောင်၍ ဘောလုံးပြိုင်ပွဲပြုလုပ်ခြင်းရည်ရွယ်ချက်များနှင့် အားကစားသမားအနေဖြင့် စည်းကမ်းရှိရှိ စနစ်တကျ ယှဉ်ပြိုင်ကြစေလိုကြောင်း အမှာစကားပြောကြားသည်။

## ကြည့်ရှုအားပေး

ထို့နောက် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား ရပ်ကွက်/ ကျေးရွာအုပ်စုပေါင်းစုံ အသက် (၂၃) နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို တိုင်းဒေသကြီးဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြင့်လွင်က ဘောလုံးကန်တင်၍ စတင်ဖွင့်လှစ်ခဲ့ပြီး အဖွင့်ပွဲစဉ်ကို ယှဉ်ပြိုင်ကစားကြရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဘောလုံးဝါသနာရှင်များက တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်ဆက်)**

❏ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ကော့သောင်းမြို့ ဇာဒက်ကြီးကျွန်းနှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၆**

တနင်္သာရီ ကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများ၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ကော့သောင်းမြို့ ဇာဒက်ကြီးကျွန်းသို့ရောက်ရှိရာ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက သောင်းသောင်းဖျဖျ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ နယ်လှည့်ဆေးကုသရေးအဖွဲ့သည် ယနေ့တွင် ကော့သောင်းမြို့နယ် ဇာဒက်ကြီးကျွန်းရှိ ဓမ္မိကာရာမတပ်ဦးကျောင်း ဆလုံဘိုးဘွားရိပ်သာ၌ အခြေပြု၍ ဇာဒက်ကြီးကျွန်းနှင့် အနီးဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူ ၁၇၇ ဦးအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၈၉ ဦး၊ ခွဲစိတ်ရောဂါ ၁၁ ဦး၊ သားဖွား/မီးယပ်ရောဂါ ၁၂ ဦး၊ ကလေးရောဂါ ၁၁ ဦး၊ အရိုးရောဂါ ၂၁ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ သုံးဦး၊ မျက်စိရောဂါ ၁၅ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၁၅ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ယင်းတို့အနက် အထွေထွေခွဲစိတ်လူနာ တစ်ဦး၊ မျက်စိခွဲစိတ်လူနာ ငါးဦး၊ ခါတ်မှန်ရိုက်လူနာ ၁၅ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၁၄ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၉ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၅ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန် လိုအပ်သည့် လူနာသုံးဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။







ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုကဲ့သို့ ကြားသိခဲ့ရပါသည်။

၁။ ဆီးချိုဆေးကို ပုံမှန်သောက်ရမယ်။ အစားရှောင်ရမယ်။ လေ့ကျင့်ခန်းတွေလုပ်ရမယ်လို့ ဆရာဝန်တွေက ပြောပါတယ်။ ၂၀၂၄ ခုနှစ် နယ်လှည့်ဆေးကုတွေ လာတုန်းက တစ်ခါပြဖူးပါတယ်။ ပြရတာ အဆင်ပြေပါတယ်။ ကော့သောင်းမှာ သွားပြရင် လှေနဲ့ သွားရပါတယ်။ ပင်လည်း ပင်ပန်းတယ်။ ဒီမှာပြရတာက မပင်ပန်းဘူး၊ ပိုက်ဆံလည်း မကုန်ပါဘူး။ အခုလို လာရောက် ကုသပေးတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်။ ကြည်း၊ ရေ၊ လေ တပ်မတော်မိသားစုတွေလည်း ကျန်းမာ၊ ချမ်းသာကြပါစေ၊ နောက်လည်း အခုလိုအမြဲ လာရောက်ကုသပေးနိုင်ပါစေလို့ ဆုတောင်းပေးပါတယ်။

၂။ ဆရာဝန်က အခုလောလောဆယ် မျက်စိအတွက် အားဆေးတွေ သောက်ခိုင်းပါတယ်။ ဆေးလည်း ပေးထားပါတယ်။ ပါရဂူအစုံနဲ့လည်း ပြရတယ်။ အကုန်လုံးအတွက် တစ်နေရာတည်းမှာပဲ စုစုစည်းစည်း ပြရတာဖြစ်တဲ့အတွက် အဆင်လည်းပြေပါတယ်။ အလွန်ဝမ်းသာမိပါတယ်။ ပုံမှန်ဆိုရောဂါဖြစ်ရင် ကော့သောင်းကိုပဲ သွားပြရပါတယ်။ လှေနဲ့ဆိုရင်တော့ အနည်းဆုံး နှစ်နာရီခွဲသုံးနာရီလောက် စီးရတယ်။ အခုဒီကို လာလိုက်တော့ ရောဂါအခြေအနေလည်း သိရတယ်။ အကုန်အဆင်ပြေသွားတယ်။ အကုန်အကျလည်း သက်သာတယ်။ ဆေးလည်းအခမဲ့ ပေးတယ်ဆိုတော့အဆင်ပြေပါတယ်။ ကျေးဇူးတင်ပါတယ်။ ဝမ်းသာပီတိ လည်းဖြစ်မိပါတယ်။ ရောဂါတစ်ခုခုခံစားနေရတဲ့သူတွေကိုလည်း ဒီမှာလာရောက် ကုသဖို့အတွက်လည်း ဖိတ်ခေါ်ပါတယ်။

**သတင်းစဉ်**

# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) တို့ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ဓမင်းဆိပ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၆**

ဧရာဝတီမြစ်ကြောင်း တစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံ ရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများ ပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ဓမင်းဆိပ်ကျေးရွာသို့ရောက်ရှိရာ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက သောင်းသောင်းဖျဖျ ကြိုဆိုနှုတ်ဆက်ကြသည်။



အဆိုပါ နယ်လှည့်ဆေးကုသရေးအဖွဲ့သည် ယနေ့တွင် ဖျာပုံမြို့နယ် ဓမင်းဆိပ်ကျေးရွာရှိ ဆုတောင်းပြည့်အဏ္ဏဝါဦးစေတီတော်မြတ်၌ အခြေပြု၍ အဆိုပါ ကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၃၃၅ ဦးအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၂၃ ဦး၊ ခွဲစိတ်ရောဂါ ၂၀၊ သားဖွား/မီးယပ်ရောဂါ ၁၄ ဦး၊ ကလေးရောဂါ ၂၀၊ အရိုးရောဂါ ၆၉ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၀၊ မျက်စိရောဂါ ၁၉ ဦးနှင့် သွားနှင့် ခံတွင်းရောဂါ ၄၀ တို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ယင်းတို့အနက် အထွေထွေခွဲစိတ်လူနာ နှစ်ဦး၊ မျက်စိခွဲစိတ်လူနာ ခုနစ်ဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၂ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၂၇ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၂ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၃၁ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာ ရှစ်ဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုကဲ့သို့ ကြားသိခဲ့ရပါသည်။





၁။ ကျွန်တော်ကအဆစ်အမျက်ရောဂါရှိလို့ လာရောက်ပြသတာဖြစ်ပါတယ်။ အဆစ်အမျက် နာနေတာတော့ လေးငါးခြောက်နှစ် ရှိပါပြီ။ ကျန်းမာရေးအခြေအနေတွေကို အခုလိုအလွယ်တကူပြလို့ရတဲ့အတွက် အလွန်ပဲကျေးဇူးတင်ပါတယ်။ အခမဲ့ လာရောက်ကုသပေးတဲ့ ဆရာဝန်ကြီးတွေကိုလည်း ကျေးဇူးတင်ပါတယ်။

၂။ အရိုးအကြောကို ပြမှာပါ။ ဒီမှာက အားလုံးအဆင်ပြေပါတယ်။ ချော်လဲထားတော့ အရိုးအဆစ်က နာတာ၊ အခု လက်ကနောက်ကို ပစ်လို့ မရဘူး။ ကျွန်မတို့ဆီမှာက အရိုးအကြောဖြစ်တာ များတယ်။ မျက်လုံးနဲ့ပတ်သက်တဲ့ ရောဂါတွေဖြစ်တာများတယ်။ ဆေးရုံ၊ ဆေးခန်းတွေ သွားမယ်ဆိုရင် ကုန်ကျစရိတ်တွေက အများကြီး ရှိတယ်။ ဒီမှာတော့ ကုန်ကျစရိတ် အများကြီးသက်သာမယ်။ အဝေးကို သွားမပြနိုင်တဲ့သူတွေအတွက်ကတော့ အများကြီး အဆင်ပြေပါတယ်။ အခမဲ့ကုသပေးတဲ့အတွက်အားလုံးအဆင်ပြေပါတယ်။ နိုင်ငံတော်အကြီးအကဲရဲ့ စီစဉ်ညွှန်ကြားမှုနဲ့ အခုလို လာရောက် ကုသပေးတဲ့အတွက် ကျွန်မတို့ကလည်း အများကြီး ကျေးဇူးတင်ပါတယ်။ ဝမ်းမြောက်ဝမ်းသာနဲ့ လှိုက်လှိုက်လှဲလှဲ ကြိုဆိုပါတယ်လို့လည်း ပြောချင်ပါတယ်။

**သတင်းစဉ်**

◆ *ကျောဖုံးမှ*

ဖူရှီးရုံ(ခ) အားရှုန်း(၂၈)နှစ် (ဘ) ဦးဖူဖာမိုအား ကက်တမင်း ၃ ဒသမ ၆ ကီလို၊ Happy Water ၈ ဒသမ ၆၃၅ ကီလို၊ အက်တက်စီဆေးပြား ၄၀၊ Happy-5 ဆေးပြား ၁၅၀၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၀၊ အိုက်စ်(မက်သ်အဖက်တမင်း) ၅ ဂရမ်တို့နှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့၍ မန္တလေးမြို့ပေါ်ရှိ KTV၊ BAR၊ CLUB နှင့် ENTERTAINMENT များတွင် ဖြန့်ဖြူးရောင်းချမည့် စုစုပေါင်း ဒေသကာလတန်ဖိုး ငွေကျပ် ၁ ဒသမ ၄ ဘီလီယံကျော်တန်ဖိုးရှိ Happy Water ၁၁ ဒသမ ၆၃၅ ကီလို၊ ကက်တမင်း ၃ ဒသမ ၆ ကီလို၊ အက်တက်စီဆေးပြား ၄၀၊ Happy-5 ဆေးပြား ၁၅၀၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၀ နှင့် အိုက်စ်(မက်သ်အဖက် တမင်း) ၅ ဂရမ်တို့ကို ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

အားကစားမြှင့်တင်
စိတ်လန်းရှင်
ဆန့်ကျင်မူးယစ်ဆေး

# ကျိုင်းတုံမြို့ ကောင်းကံရွာရှိ အမေ့ရင်ခွင်ကျောင်း (၁၀)နှစ်ပြည့်အထိမ်းအမှတ် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ကောင်းကံကျေးရွာရှိ အာခါတိုင်းရင်းသားပရဟိတ အမေ့ရင်ခွင်ကျောင်း၏ (၁၀)နှစ်ပြည့် အထိမ်းအမှတ် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ယနေ့ညနေပိုင်းက အဆိုပါပရဟိတကျောင်း၌ ကျင်းပရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ အာခါတိုင်းရင်းသား အကြီးအကဲ ဦးမင်းညို၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အာခါရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ဒေသခံအာခါတိုင်းရင်းသားများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက အမေ့ရင်ခွင်ကျောင်း ကွန်ကရစ်လမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အထိမ်းအမှတ်ကျောက်စာတိုင်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းကာ လမ်းသစ်အား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ရေတာရှည်မြို့နယ်၌ မီးဘေးအန္တရာယ်ကာကွယ်ရေးအသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြပွဲကျင်းပ

**ရေတာရှည် ဇန်နဝါရီ ၂၆**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန စက်မှုတိုင်း ၂ နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ နန်ချွန်(တောင်)ကျေးရွာဆည်မြောင်းရုံးရှိ အလုပ်ရုံများ၊ ပစ္စည်းသိုလှောင်ရုံများနှင့် ဝန်ထမ်းအိမ်ရာများတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးစစ်ဆေးခြင်း၊ အသိပညာပေးဟောပြောခြင်း၊ မီးငြိမ်းသတ်ရေးလက်တွေ့သရုပ်ပြခြင်းကို ဇန်နဝါရီ ၂၄ ရက်က အဆိုပါဌာန၏ ဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (စက်မှုတိုင်း၂)မှ ညွှန်ကြားရေးမှူး ဦးကြည်လွင်က အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးကောင်းထက်နိုင်က မီးဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာများကို အသိပညာပေးဟောပြောသည်။



ဆက်လက်ပြီး မီးသတ်ဦးစီးနှင့်တပ်ဖွဲ့ဝင်များက မီးသုံးစွဲမှုအခြေအနေနှင့် မီးစနစ်တကျသုံးစွဲမှု ရှိ မရှိကို လိုက်လံစစ်ဆေးပြီး မီးဘေးအန္တရာယ်နှင့်ပတ်သက်သည်များ၊ ကြိုတင်ကာကွယ်ရေး နည်းလမ်းများကို အသိပညာပေး ပြောကြားသည်။ ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူး အသုံးပြုခြင်း၊ မီးလောင်မှုဖြစ်ပေါ်လာလျှင် မီးငြိမ်းသတ်ယာဉ်တို့ဖြင့် စုပေါင်းမီးငြိမ်းသတ်ခြင်း၊ မီးဘေးကြောင့် ထိခိုက်မိသူများကို အရေးပေါ်ကုသမှု ပြုလုပ်ခြင်း၊ အရေးပေါ်ယာဉ်ဖြင့် စနစ်တကျသယ်ယူခြင်းတို့ကို သရုပ်ပြခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❖ *ကျောဖုံးမှ*

တိုက်စစ်ဆင်မှုများကို ခုခံနိုင်စွမ်းမရှိဘဲ ချေပဂိုးနှင့် အနိုင်ဂိုးများ ပြန်လည်ခွင့်ပြုပေးခဲ့သည်။

အဆိုပါ ပွဲစဉ်တွင် မန်စီးတီးအသင်းမှ အဓိကတိုက်စစ်ကစားသမား ဟာလန်း အထူးခြေစွမ်းပြသနိုင်ခဲ့ပြီး တစ်ဂိုးဖန်တီးကာ တစ်ဂိုးသွင်းယူနိုင်ခဲ့သည်။ ဟာလန်းသည် ယခုပွဲစဉ်တွင် သွင်းဂိုးတစ်ဂိုး ရယူနိုင်ခဲ့သည့်အတွက် ပရီမီယာလိဂ် ဂိုးအများဆုံးသွင်းယူသူစာရင်းတွင် ၁၈ ဂိုးဖြင့် ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

မန်စီးတီးအသင်းသည် ယခုပွဲစဉ်နိုင်ပွဲရရှိခဲ့သည့်အတွက် ပရီမီယာလိဂ် ၂၃ ပွဲကစားပြီး ရမှတ် ၄၁ မှတ်ဖြင့် အမှတ်ပေးဇယားအထက်ပိုင်းတက်လှမ်းနိုင်ခဲ့သည်။ ပြိုင်ဘက်ချယ်ဆီးအသင်းက ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် ၂၃ ပွဲကစားပြီး ရမှတ် ၄၀ ဖြင့် အမှတ်ပေးဇယားအထက်ပိုင်းတက်လှမ်းခွင့် လွဲချော်ခဲ့သည်။

အခြားပွဲစဉ်ရလဒ်များတွင် ဘုန်းမောက်က နော်တင်ဟမ် ဖောရက်စ်ကို ငါးဂိုး-ဂိုးမရှိ၊ အဲဗာတန်က ဘရိုက်တန်ကို တစ်ဂိုး-ဂိုးမရှိ၊ လီဗာပူးက အစ်ဆွစ်ကို လေးဂိုး-တစ်ဂိုး၊ နယူးကာဆယ်က ဆောက်သမ်တန်ကို သုံးဂိုး - တစ်ဂိုး၊ အာဆင်နယ်က ဝုဖ်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အသီးသီး နိုင်ပွဲရရှိခဲ့သည်။

**အောင်ဇော်**

# ရေနံချောင်းတက္ကသိုလ်၌ ကိုဗစ်-၁၉ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေး

**ရေနံချောင်း ဇန်နဝါရီ ၂၆**

မကွေးတိုင်းဒေသကြီး ရေနံချောင်းတက္ကသိုလ်၌ ကိုဗစ် - ၁၉ ထပ်ဆောင်း ကာကွယ်ဆေး Pfizer ထိုးနှံပေးခြင်းကို ဇန်နဝါရီ ၂၃ ရက်က အဆိုပါ တက္ကသိုလ် ပတ္တမြားခန်းမ၌ ဆောင်ရွက်သည်။

ကိုဗစ် - ၁၉ ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံရာတွင် ရေနံချောင်းမြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာကျော်ကျော်လင်း၏ ကြီးကြပ်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ဆေး လာရောက် ထိုးနှံသူများအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးရမည့် အကြိမ်အလိုက် စာရင်းမှတ်တမ်း ရေးသွင်းကာ ရေနံချောင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအေးအေးသန့်၊ ဒုတိယပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း လူဦးရေ ၉၀ ကို စနစ်တကျ ထိုးနှံပေးသည်။



အဆိုပါ ကိုဗစ်-၁၉ ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံခြင်းကို မြို့နယ်ပြည်သူ့ ဆေးရုံကြီးနှင့် ကျေးလက် ကျန်းမာရေးဌာနများတွင် ထိုးနှံပေးလျက်ရှိပြီး ကာကွယ်ဆေး ထိုးနှံလိုသူများ အနေဖြင့် လာရောက်ထိုးနှံနိုင်ကြောင်း မြို့နယ်ပြည်သူ့ဆေးရုံအုပ်ကြီးထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




○ *ကျောဖုံးမှ*

ပြည်တွင်း၊ ပြည်ပပြိုင်ပွဲများ ဆက်တိုက်ကစားနေရသည့် ရှမ်းယူနိုက်တက်အသင်းသည် ပွဲထွက်လူစာရင်း အပြောင်းအလဲပြုလုပ်ခဲ့ပြီး ပြည်တွင်းကစားသမားများဖြင့် ယှဉ်ပြိုင်ခဲ့သလို မြဝတီအသင်းကလည်း လူစုံအသုံးပြုခဲ့သည်။ ပထမပိုင်းတွင် မြဝတီအသင်း၏ရုန်းကန်မှုကြောင့် ရှမ်းယူနိုက်တက်အသင်း ထင်တိုင်းမပေါက်ဖြစ်ခဲ့ပြီး ၃၅ မိနစ်တွင် နိုင်ဇင်ထက်က မြဝတီအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ သို့သော် ပထမပိုင်းပြီးခါနီးတွင် ထက်ဖြိုးဝေက ရှမ်းယူနိုက်တက်အတွက် ချေပဂိုးပြန်သွင်းခဲ့သဖြင့် ပထမပိုင်းအပြီးတွင် တစ်ဂိုးစီသရေကျနေသည်။ ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၆၁၊ ၆၇ မိနစ်တွင် ရင်တာရို၊ ၇၆ မိနစ်တွင် ရဲရင့်အောင်နှင့် ၉၀+၂ မိနစ်တွင် ကျော်ကိုကိုတို့က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရှမ်းယူနိုက်တက်တိုက်စစ်ကစားသမား ထက်ဖြိုးဝေက ရရှိသည်။

ယခုပွဲအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၁၇ ပွဲကစား ၄၉ မှတ်၊ မြဝတီအသင်းက ၁၇ ပွဲကစား ငါးမှတ်ရရှိထားသည်။ ပွဲစဉ် (၁၇) စတုတ္ထနေ့အဖြစ် ဇန်နဝါရီ ၂၇ ရက်တွင် သုဝဏ္ဏကွင်း၌ သစ္စာအားမာန်အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MNL**

# မြန်မာဘော်လီဘောလှူမှုရေးအသင်း ဒုတိယအကြိမ် ပြည်နယ်နှင့် တိုင်းဒေသကြီး အမှုဆောင်ဖလား ဘော်လီဘောပြိုင်ပွဲဆုချီးမြှင့်

**ရန်ကုန် ဇန်နဝါရီ ၂၆**

၂၀၂၅ ခုနှစ် မြန်မာဘော်လီဘော လှူမှုရေးအသင်း၏ ဒုတိယအကြိမ်မြောက် ပြည်နယ်နှင့် တိုင်းဒေသကြီး အမှုဆောင်ဖလား ဘော်လီဘောဗိုလ်လုပွဲပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၂၅ ရက်က ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။

ဗိုလ်လုပွဲများအဖြစ် အမျိုးသားအသက် (၅၀နှစ်) အထက်ပြိုင်ပွဲတွင် လှိုင်(ရန်ကုန်)အသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ အမျိုးသမီးအသက်(၄၀နှစ်)အထက် ပြိုင်ပွဲတွင် Old Star (Yangon) အသင်းက လှိုင်(ရန်ကုန်)အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိသည်။

ပြိုင်ပွဲများအပြီး ဆုချီးမြှင့်ပွဲကိုကျင်းပရာ ဆုရအသင်းများနှင့် ကစားသမားများအား မြန်မာဘော်လီဘောအသင်း အမှုဆောင်များက ဆုတံဆိပ်နှင့် ငွေသားဆုများချီးမြှင့်ကြသည်။ ထို့နောက် အမျိုးသမီး ပထမတံခွန်စိုက်ဆုရရှိသည့် လှိုင်(ရန်ကုန်)အသင်းကို မြန်မာဘော်လီဘော လှူမှုရေးအသင်းဥက္ကဋ္ဌ ဦးရဲနိုင်က လည်းကောင်း၊ အမျိုးသား ပထမ လှိုင်(ရန်ကုန်) အသင်းကို တိုင်းဒေသကြီးအားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ လူမှုရေးရာဝန်ကြီး ဦးငွေအောင်ကလည်းကောင်း ဆုတံဆိပ်၊ ငွေသားနှင့် တံခွန်စိုက်ဖလား ချီးမြှင့်သည်။**(ယာပုံ)**

ယင်းပြိုင်ပွဲကို ဇန်နဝါရီ ၂၂ ရက်မှ ၂၅ ရက်အထိ ကျင်းပခဲ့ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးမှ အမျိုးသား ၁၀ သင်း၊ အမျိုးသမီး လေးသင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**အာကာလင်း**



## ဘားအံမြို့၌ မီးဘေးကာကွယ်ရေး ပညာပေးဆိုင်းဘုတ်စိုက်ထူ

**ဘားအံ ဇန်နဝါရီ ၂၆**

ကရင်ပြည်နယ် မီးသတ်ဦးစီးဌာနက ဦးစီး၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အရေးပေါ်ဖုန်းနံပါတ် 191 ဆိုင်းဘုတ်စိုက်ထူခြင်းနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လိုက်လံစစ်ဆေးခြင်းကို ဇန်နဝါရီ ၂၅ ရက်က ဘားအံမြို့ပေါ်ရပ်ကွက်များနှင့် သီရိဈေးတို့တွင် ဆောင်ရွက်သည်။




ကရင်ပြည်နယ် မီးသတ်ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးကျော်ကျော်၊ ဌာနဆိုင်ရာများနှင့် မီးသတ်တပ်ဖွဲ့ဝင်များက အမှတ်(၆) ရပ်ကွက်၊ သီရိဈေးရှေ့၌ အရေးပေါ်ဖုန်းနံပါတ် 191 ဆိုင်းဘုတ်ကို စိုက်ထူကြပြီး မီးဘေးကာကွယ်ရေး လုပ်ငန်းများ စစ်ဆေးအသိပညာပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## တွံတေးမြို့နယ် ခတ္တိယရွာသစ်ကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်

**တွံတေး ဇန်နဝါရီ ၂၆**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ဖြင့် ခတ္တိယရွာသစ် ခေတ်မီစံပြကျေးရွာ၌ ဘက်စုံသုံး ခန်းမ တည်ဆောက်လျက်ရှိသည်။



အဆိုပါ ဘက်စုံသုံးခန်းမဆောင်သည် အလျား ၄၅ ပေ၊ အနံပေ ၃၀၊ အမြင့် ၁၂ ပေရှိပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၁၇၀ စုစုပေါင်း ငွေကျပ် သိန်း ၃၂၀ ဖြင့် ၂၀၂၄ ခုနှစ် နိုဝင်ဘာ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

ကျေးရွာဘက်စုံသုံး ခန်းမဆောင် တည်ဆောက်နေမှုကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယဉ်ယဉ်ဌေးနှင့် ဝန်ထမ်းများ ဇန်နဝါရီ ၂၆ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

** JJJ**

## ဝမ်းတွင်းမြို့၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး

**ဝမ်းတွင်း ဇန်နဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့ရှိ ရပ်ကွက်၊ ကျေးရွာများနှင့် စက်မှုလုပ်ငန်းများတွင် မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းများနှင့် အသိပညာပေးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၅ ရက်က ဝင်းပဲကြော် ပဲလှော်ဖိုစက်ရုံ၌ ဆောင်ရွက်သည်။



ဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးထွန်းက မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းများ ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် မီးဘေး ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်း၊ မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြသခြင်း၊ မီးဘေး ကြိုတင်ကာကွယ်ရေးဆိုင်ရာများကို ဆွေးနွေးဟောပြောခြင်း၊ စက်ရုံအတွင်း မီးဘေးကြိုတင် ကာကွယ်ရေးအတွက် လိုက်လံစစ်ဆေး အကြံပြုခြင်း၊ မီးသတ်ယာဉ် အဝင်/အထွက် လမ်းများကို စစ်ဆေးခြင်း၊ အရေးပေါ်ရေရရှိမည့် နေရာများကို လိုက်လံစစ်ဆေး အကြံပြုခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဝန်ထမ်း / အငှားအိမ်ရာ၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လက်တွေ့မီးငြိမ်းသတ်သရုပ်ပြသ

**ရွှေဘို ဇန်နဝါရီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ရန်ကြီးအောင်ဝန်ထမ်း/အငှားအိမ်ရာ၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်း သရုပ်ပြသခြင်းအခမ်းအနားကို ဇန်နဝါရီ ၂၅ ရက်က ပြုလုပ်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် ရွှေဘိုခရိုင် မီးသတ်ဦးစီးမှူး ဦးအေးမြင့်နှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်မြတ်တိုးတို့ ဦးဆောင်သော ခရိုင်၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦးတို့သည် ပွင့်လင်းရာသီ ရောက်ရှိပြီဖြစ်သောကြောင့် မီးကိုပေါ့ဆစွာ အသုံးမပြုကြရန်အတွက် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ မီးဘေးလုံခြုံရေး၊ မီးလောင်မှု၊ မီးလန့်မှု မဖြစ်ပွားစေရေးနှင့် မီးဘေးအန္တရာယ် ကြုံတွေ့လာပါက လက်တွေ့မီးငြိမ်းသတ်နိုင်စေရန်ရည်ရွယ်၍ ပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

သရုပ်ပြ အခမ်းအနားတွင် ရှာဖွေကယ်ဆယ်ခြင်း၊ ဆီမီးလောင်မှု(HNE) ကျောလွယ်မီးငြိမ်းသတ်မှုကိရိယာဖြင့် ငြိမ်းသတ်ခြင်း၊ မီးလောင်ပြင်၌ မီးငြိမ်းသတ်ခြင်း စသည်တို့ကို လက်တွေ့ပြသ ဆောင်ရွက်ခဲ့ပြီး မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် နေအိမ်အခန်းများ မီးသုံးစွဲမှုကို စစ်ဆေးအကြံပြုခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မိတ္ထီလာကန်ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မိတ္ထီလာ ဇန်နဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ရှိ သမိုင်းဝင်မိတ္ထီလာကန်၏ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေး၊ အမှိုက်များစနစ်တကျစွန့်ပစ်ရေး၊ ပလတ်စတစ်သုံးစွဲမှု လျှော့ကျရေးနှင့် ကင်းစင်ရေးတို့ကို အသိပညာပေးနှိုးဆော်သည့် ရည်ရွယ်ချက်ဖြင့် ဇန်နဝါရီ ၂၅ ရက်က ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်း၍ စုပေါင်းဆောင်ရွက်သည်။

ထိုသို့ စုပေါင်းဆောင်ရွက်ရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးကျော်ဇေယျ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်အောင်လေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးထက်ဇော်၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးစန္ဒာ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဌာနပေါင်းစုံမှ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက နန်းတော်ကုန်းရပ်ကွက် မိတ္ထီလာမြောက်ကန်အနောက်ထိပ်နေရာမှ အရှေ့ပြင်ဈေးရပ်ကွက် မိတ္ထီလာမြောက်ကန် အရှေ့ဘက်ထိပ်နေရာရှိ အမှိုက်များ ကောက်ယူသိမ်းဆည်းခြင်း၊ ချုံများခုတ်ထွင်ရှင်းလင်းခြင်းကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ တိရစ္ဆာန်များ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ဓာတုကုန်ကြမ်းပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၆**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၂၄ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာအနီး၌ တရားမဝင် အခြားသစ် ၅ ဒသမ ၈၂၅ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၂၅၂၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရခိုင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မောင်တောမြို့ အင်းဒင်ကျေးရွာအနီး၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ပီပါ ၂၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၂၄ ရက်တွင် စစ်ကိုင်းမြို့ တင်းတိပ်ရပ်ကွက်၌ တားမြစ်ထားသည့် တိရစ္ဆာန်သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀)ကို ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့ တကောင်းရပ်ကွက်၌ လိုင်စင်မဲ့ Honda Vezel မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ဇန်နဝါရီ ၂၅ ရက်တွင် စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Mitsubishi Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၀၀၀၀၀၀ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဇန်နဝါရီ ၂၅ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၆၃၀၆၄၇)ကိုလည်းကောင်း၊ အေးရှားဝေါလ် ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၈၀၆၄၀၀) ကိုလည်းကောင်း၊ ရွာသာကြီး Dry Port ၌ မန္တလေးမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်နှစ်စီးနှင့် သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၃ မျိုး၊ လူသုံးကုန်ပစ္စည်း နှစ်မျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၄၄၈၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး၊ Mitsubishi Fuso Truck တစ်စီး၊ Man Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၄၉၁၇၀၄၇ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တာချီလိတ်ကုန်သွယ်ရေးစခန်း မလိပါကောရှောင်ကွင်းလမ်းအနီး၌ မော်တော်ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ဓာတုကုန်ကြမ်းပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၃၆၉၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၈၆၉၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ မြဝတီမြို့မှ ပြည်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၂၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် King Long Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တောင်ငူခရိုင် အုတ်တွင်းမြို့နယ်၌ လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် တန် ၃ ဒသမ ၆၅၀၊ သစ်မာ ၀ ဒသမ ၀၇၄ တန်၊ အခြားသစ်တန် ၄ ဒသမ ၉၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၈၁၄၀၁)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၅၈၃၄၀၁ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၂၆ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၉၇၇၂၉၆၈)ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုးပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စား လုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ယင်းတရားမဝင်တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

သတင်းစဉ်

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၂၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇန်နဝါရီ ၂၅ ရက်တွင် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "Nay Thu" Facebook အကောင့်၊ "Nay Thu" TikTok အကောင့်နှင့် "Nay Thu" YouTube အကောင့် ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ရေဘုတ်ကျေးရွာနေ နိုင်လင်း(ခ) နေသူအား နံနက် ၁၁ နာရီ ၅၅ မိနစ်တွင် ချောင်းခွနယ်မြေ ရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## သန်လျင်မြို့နယ်၌ မော်တော်ယာဉ်သုံးစီး ဆင့်တိုက်မှုဖြစ်ပွား

**နေပြည်တော် ဇန်နဝါရီ ၂၆**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်၌ ဇန်နဝါရီ ၂၅ ရက်က မော်တော်ယာဉ်သုံးစီး ဆင့်တိုက်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၅ ရက် နံနက် ၈ နာရီခွဲတွင် သန်လျင်မြို့နယ် ကျိုက်ခေါက်ဘုရားလမ်း၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ယာဉ်ထိန်းရဲတပ်ဖွဲ့စု (၅၉)မှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါလမ်းအတိုင်း အရှေ့မှအနောက်သို့ သန်လျင်မြို့နယ် ပျဉ်ထောင်ကျောင်းကျေးရွာနေ ဖြိုးတေဇာအောင်(၂၁)နှစ် မောင်းနှင်လာသည့် YGN–40 5D–xxxx TOYOTA CROWN ယာဉ်သည် သဘာဝဓာတ်ငွေ့အရောင်းဆိုင်ရှေ့အရောက်၌ အရှိန်မထိန်းနိုင်ဘဲ ၎င်းရှေ့မှ ဦးစွမ်းချစ်မောင်းနှင်သော YGN–40 9J–xxxx CHEVROLET MALIBU ယာဉ်အား နောက်မှဝင်ရောက်တိုက်မိခဲ့ကာ အဆိုပါယာဉ်မှအရှိန်ဖြင့် ၎င်းရှေ့ရှိ ယာဉ်မောင်း ဦးအောင်နိုင်ဆွေ မောင်းနှင်သော YGN–13 3Q–xxxx SUZUKI CIAZ ယာဉ်အား ထပ်မံဆင့်တိုက်မိခဲ့ပြီး အဆိုပါယာဉ်သုံးစီးမှာ ထိခိုက်ပျက်စီးခဲ့သဖြင့် ဖြိုးတေဇာအောင်အား သန်လျင်မြို့မရဲစခန်း ယာဉ်(ပ)၆/၂၀၂၅၊ ရာဇသတ်ကြီး ပုဒ်မ ၂၇၉ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

## ပုသိမ်ကြီးမြို့နယ်၌ အထောက်အထားမဲ့ တရားမဝင်သယ်ဆောင်လာသည့် ဒီဇယ်ဆီများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်၌ ဇန်နဝါရီ ၂၅ ရက်က အထောက်အထားမဲ့ တရားမဝင် သယ်ဆောင်လာသည့် ဒီဇယ်ဆီများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၅ ရက် နံနက် ၉ နာရီ မိနစ် ၄၀ တွင် ပုသိမ်ကြီးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ပုသိမ်ကြီးမြို့နယ် မန္တလေး–မတ္တရာကားလမ်းပေါ်ရှိ ရွှေကျင်ပူးပေါင်းစစ်ဆေးရေး ဂိတ်၌ ယာဉ်ပိတ်ဆို့ စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မန္တလေးမြို့ဘက်မှ ဘုတ်ကျေးရွာဘက်သို့ ပုသိမ်ကြီးမြို့နယ် ဘုတ်ကျေးရွာနေ မြတ်ဌေးမင်း(၃၇)နှစ် မောင်းနှင်လာသည့် MDY–17 8J/xxxx Light Truck ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်တွင် ငါးဂါလန်ဝင်ပုံး ငါးပုံးဖြင့် အထောက်အထားမဲ့ တရားမဝင် သယ်ဆောင်လာသည့် ဒီဇယ်ဆီများ တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် မြတ်ဌေးမင်းအား ပုသိမ်ကြီး မြို့မရဲစခန်း(ပ)၁၉/၂၀၂၅၊ ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေပုဒ်မ ၃၇ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

## စစ်ကိုင်းမြို့နယ်၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်၌ ဇန်နဝါရီ ၂၅ ရက်က လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၅ ရက် နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် စစ်ကိုင်းမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မန္တလေးမြို့ဘက်မှ မုံရွာမြို့ဘက်သို့ အမရပူရမြို့နယ် ဂျိုးကျေးရွာနေ မောင်မောင်သိန်း(၄၂)နှစ် မောင်းနှင်လာသည့် MDY–13 2G/xxxx HINO အဖြူရောင်ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်နှင့်ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း သိရှိရသဖြင့် မောင်မောင်သိန်းအား စစ်ကိုင်းမြို့မရဲစခန်း(ပ)၂၈/၂၀၂၅၊ ပို့ကုန်သွင်းကုန် ဥပဒေပုဒ်မ ၈ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။ ရဲပြန်ကြား

## ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

# အမေရိကန်ထည့်ဝင်ရမည့် အလှူငွေပမာဏ လျှော့ချပေးမည်ဆိုပါက ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ပြန်လည်ပူးပေါင်းနိုင်သည်ဟု ထရမ့်ပြောကြား

**ဝါရှင်တန် ဇန်နဝါရီ ၂၆**

အမေရိကန်ပြည်ထောင်စု ထည့်ဝင်ရမည့် အလှူငွေပမာဏကို လျှော့ချပေးမည်ဆိုပါက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို) နှင့်ပြန်လည်ပူးပေါင်းရန် စဉ်းစားနိုင်ဖွယ်ရှိကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားလိုက်သည်။

အမေရိကန်နိုင်ငံအနောက်ပိုင်း နီဗားဒါးပြည်နယ် လပ်စ်ဗီးဂတ်စ်မြို့တွင်ပြုလုပ်သည့် လူထုစုဝေးပွဲ၌ ဇန်နဝါရီ ၂၅ ရက်တွင် ထရမ့်က ထိုကဲ့သို့ မှတ်ချက်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။ ထရမ့်သည် သမ္မတတာဝန်စတင်ထမ်းဆောင်သည့်နေ့တွင် ဒဗလျူအိတ်ချ်အိုမှ အမေရိကန်နုတ်ထွက်ကြောင်း သမ္မတအမိန့်ကို လက်မှတ်ရေးထိုးခဲ့သည်။

**အင်န်အိတ်ချ်ကေ**




# ဘယ်လာရုစ်နိုင်ငံ၏ သမ္မတရွေးကောက်ပွဲကျင်းပ

**မင့်ခ်စ် ဇန်နဝါရီ ၂၆**

ဘယ်လာရုစ်နိုင်ငံ၌ သမ္မတရွေးကောက်ပွဲ မဲပေးခြင်းကို ဇန်နဝါရီ ၂၆ ရက်တွင် စတင်ကျင်းပခဲ့ကြောင်း၊ မဲရုံများကို နံနက် ၈ နာရီတွင် ဖွင့်လှစ်ပြီး ည ၈ နာရီတွင် ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။



သမ္မတရွေးကောက်ပွဲအတွက် လက်ရှိသမ္မတ အလက်ဇန္ဒားလူကာရှန်ကိုအပါအဝင် ရွေးကောက်ပွဲဝင်ကိုယ်စားလှယ်လောင်းငါးဦးစာရင်းသွင်းထားကြောင်း သိရသည်။

မဲဆန္ဒရှင်များသည် နိုင်ငံတစ်ဝန်း မဲရုံ ၅၃၂၅ ရုံတွင် လျှို့ဝှက်မဲများပေးကြမည်ဖြစ်ပြီး မဲပေးသူအရေအတွက်မှာ ၆ ဒသမ ၉ သန်းခန့်ရှိကြောင်း နိုင်ငံ၏ဗဟိုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသည်။

ရွေးကောက်ပွဲတွင်ပါဝင်သည့် မဲဆန္ဒရှင်ထက်ဝက်ကျော်ထောက်ခံသည့် ကိုယ်စားလှယ်တစ်ဦးအား နိုင်ငံတော်အကြီးအကဲအဖြစ် ရွေးကောက်တင်မြှောက်မည်ဖြစ်သည်။

နိုင်ငံ၏ သမ္မတရွေးကောက်ပွဲအတွက် အစောပိုင်းမဲပေးခြင်းကို ဇန်နဝါရီ ၂၁ ရက်မှ ၂၅ ရက်အထိ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဒုတိယအကြိမ် ဓားစာခံများလွှတ်ပေးပြီးနောက် ကျန်ရှိနေသော ဓားစာခံများအားလုံးပြန်လွှတ်ပေးရေး အစ္စရေးလိုလားနေ

**ဂါဇာ ဇန်နဝါရီ ၂၆**

အမြဲတမ်း အပစ်အခတ်ရပ်စဲရေးအတွက် ဟားမားစ်အုပ်စုနှင့် ဆွေးနွေးပြီး ကျန်ဓားစာခံများအားလုံး ပြန်လွှတ်ပေးရေး သေချာစေရန် အစ္စရေးနိုင်ငံသားများက ၎င်းတို့အစိုးရကို တိုက်တွန်းလျက်ရှိသည်။

ဓားစာခံအဖြစ်ဖမ်းဆီးခံထားရသည့် အစ္စရေးအမျိုးသမီး တပ်ဖွဲ့ဝင်လေးဦးအား ပြန်လွှတ်ပေးခြင်းအပေါ် အစ္စရေးနိုင်ငံသားများသည် ဝမ်းမြောက်ဝမ်းသာစွာဖြင့် ဂျေရုဆလင် လမ်းမထက်တွင် ပျော်ရွှင်စွာ စုဝေးခဲ့ကြသည်။

ယင်းနေ့မှာပင် အစ္စရေးတို့ဘက်မှ ပါလက်စတိုင်း အကျဉ်းသား ၂၀၀ အား ပြန်လွှတ်ပေးခဲ့သည်။

ယခုတစ်ကြိမ် ဓားစာခံများ ပြန်လွှတ်ပေးခြင်းသည် လက်ရှိ ဂါဇာကမ်းမြောင်ဒေသ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အရ ဒုတိယအကြိမ်မြောက် ဓားစာခံများ ပြန်လွှတ်ပေးခြင်းဖြစ်သည်။

ဟားမားစ် အုပ်စုသည် ဇန်နဝါရီ ၁၉ ရက်က အမျိုးသမီး ဓားစာခံသုံးဦးအားပြန်လွှတ်ပေးခဲ့သည်။ ပြီးခဲ့သည့်သီတင်းပတ်အတွင်း ဟားမားစ်တို့က ဓားစာခံခုနစ်ဦး ပြန်လွှတ်ပေးခဲ့ပြီး ယင်းမှာ လုံလောက်သည့် အရေအတွက်မဟုတ်ဟု လူအုပ်ကြီးတွင် ပါဝင်သည့် အမျိုးသမီးတစ်ဦးက ပြောသည်။

ကျန်ဓားစာခံများ အားလုံးပြန်မလွှတ်သေးမီ အစ္စရေးအစိုးရအနေဖြင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ဆက်လက်ထိန်းသိမ်းနိုင်မည်ဟု မျှော်လင့်ကြောင်း ၎င်းကဆက်ပြောသည်။

သဘောတူညီချက်အရ ဟားမားစ်တို့သည် ဓားစာခံစုစုပေါင်း ၃၃ ဦး ပြန်လွှတ်ပေးရမည်ဖြစ်ပြီး အစ္စရေးဘက်ကလည်း ပါလက်စတိုင်း အကျဉ်းသားများအား ပြန်လွှတ်ပေးရမည်ဖြစ်သည်။

အပစ်အခတ်ရပ်စဲရေး စတင်သည့်အချိန်မှစကာ ဂါဇာဒေသတွင် ကြီးမားသည့်တိုက်ပွဲကြီးများ မဖြစ်ပေါ်တော့ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**



ရာမက်ဂန်မြို့ ရှီဘာဆေးဘက်ဆိုင်ရာစင်တာ၌ ဟားမားစ်တို့ ပြန်လွှတ်ပေးသည့် ဓားစာခံတစ်ဦးအား ဇန်နဝါရီ ၁၉ ရက်က တွေ့ရစဉ်။

# ကုလသမဂ္ဂနှင့် အစိုးရမဟုတ်သောဝန်ထမ်းများအား ဖမ်းဆီးမှုနှင့်ပတ်သက်၍ ဟူသီကို ယီမင်အစိုးရ ရှုတ်ချ

**အေဒင် ဇန်နဝါရီ ၂၆**

ယီမင်အစိုးရသည် ဆာနားရှိ ကုလသမဂ္ဂနှင့် အစိုးရမဟုတ်သောဝန်ထမ်း ၁၃ ဦး ဖမ်းဆီးခံရခြင်းအပေါ် ဇန်နဝါရီ ၂၅ ရက်က အပြစ်တင်ရှုတ်ချခဲ့သည်။

ဟူသီသူပုန်များက အဆိုပါဝန်ထမ်း ၁၃ ဦးအား ဖမ်းဆီးထိန်းသိမ်းခဲ့ခြင်းဖြစ်ပြီး ယင်းသို့ပြုလုပ်ခြင်းသည် တိုင်းပြည်၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကို ပို၍ဆိုးရွားသွားစေသည်ဟု ပြောသည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်ဇ်က ကုလသမဂ္ဂနှင့် အစိုးရမဟုတ်သော ဝန်ထမ်းများကို ဆက်လက်ထိန်းသိမ်းထားမှုမှာ လက်ခံနိုင်ဖွယ်မရှိဟုဆိုကာ ဖမ်းဆီးခံထားရသူများ ပြန်လည်လွတ်မြောက်ရေး ကုလသမဂ္ဂက လုပ်ဆောင်နေကြောင်း ပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ် နှစ်လယ်ပိုင်းမှစတင်ကာ ဟူသီသူပုန်များသည် ကုလသမဂ္ဂနှင့် အခြားသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများမှ ဝန်ထမ်းများအား ဖမ်းဆီးထားသည်။ ၂၀၂၄ ခုနှစ် ဇွန်လတွင် ဆာနားရှိ ကုလသမဂ္ဂ၊ အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်းအကူအညီပေးရေးအဖွဲ့ကို ဖမ်းဆီးခဲ့သည်။

အမေရိကန် – အစ္စရေး သူလျှိုကွန်ရက်၏ အဓိကအဖွဲ့ဝင်များကို ဖမ်းဆီးခြင်းဖြစ်သည်ဟု ဟူသီသူပုန်များက ပြောသည်။ ဖမ်းဆီးခံထားရသူများအား ပြန်လွှတ်ပေးရေး ကုလသမဂ္ဂက ထပ်ကာထပ်ကာ တောင်းဆိုခဲ့သည်။

၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ညွှန်ကြားရေးမှူးချုပ် တက်ဒရော့အက်ဟာနွမ်ဂီဘရီယက်ဆု ဆာနားသို့ သွားရောက်ကာ ဖမ်းဆီးခံထားရသူများ ပြန်လွှတ်ပေးရေး ဆွေးနွေးညှိနှိုင်းခဲ့သည်။ ဟူသီတို့သည် ၂၀၁၄ ခုနှစ်နှောင်းပိုင်းမှစတင်ကာ ဆာနားနှင့် နိုင်ငံမြောက်ပိုင်းဒေသများကို ထိန်းချုပ်ထားသည်။ **ဆင်ဟွာ**

# ကွန်ဂိုနိုင်ငံ၌ ပဋိပက္ခဖြစ်ပွားမှုကြောင့် ယခုနှစ်အစပိုင်းမှစတင်ကာ လူပေါင်းလေးသိန်းကျော် နေရပ်စွန့်ခွာ

**ကင်ဆာရှာ ဇန်နဝါရီ ၂၆**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတ (ဒီအာရ်စီ) နိုင်ငံအရှေ့ပိုင်းတွင် ပဋိပက္ခဖြစ်ပွားမှု ပြင်းထန်လာသည့်အတွက် ယခုနှစ်အစပိုင်းမှစတင်ကာ လူပေါင်းလေးသိန်းကျော် နေရပ်စွန့်ခွာခဲ့ကြရကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ အေဂျင်စီက ဇန်နဝါရီ ၂၄ ရက်တွင် ပြောသည်။

ကွန်ဂိုနိုင်ငံအရှေ့ပိုင်းရှိ အရပ်သားများနှင့် ပြည်တွင်းနေရပ်စွန့်ခွာသူများ၏ ဘေးကင်းလုံခြုံမှုနှင့်ပတ်သက်ပြီး အလွန်စိုးရိမ်ကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (ယူအင်န်အိတ်ချ်စီအာရ်) က ပြောသည်။

ပြင်းထန်သော ပဋိပက္ခဖြစ်ပွားမှုနှင့် ကြုံတွေ့နေရသော ဂိုမ၊ ဆာကီနှင့် ကလဲဟီ စသည့်ဇုန်သုံးခုကြားရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လမ်းကြောင်းအားလုံးကို ဖြတ်တောက်ထားကြောင်း ယူအင်န်အိတ်ချ်စီအာရ်က ပြောသည်။ **ဆင်ဟွာ**

# တန်ဇန်းနီးယား ရပ်ခ်ဝါရေကန်၌ လေပြင်းတိုက်ခတ်မှုဖြစ်ပွား၊ ငါးဖမ်းသမား ၁၀ ဦးထက်မနည်း ပျောက်ဆုံးနေ

**ဒါအက်စလမ် ဇန်နဝါရီ ၂၆**

တန်ဇန်းနီးယားနိုင်ငံ ရပ်ခ်ဝါရေကန်၌ ဇန်နဝါရီ ၂၄ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် ငါးဖမ်းသမား ၁၀ ဦးထက်မနည်း ပျောက်ဆုံးနေပြီး ၅၅၀ ကို ကယ်ဆယ်နိုင်ခဲ့ကြောင်း တာဝန်ရှိသူများက ဇန်နဝါရီ ၂၅ ရက်တွင် ပြောကြားသည်။

ငါးဖမ်းသမား ၁၀ ဦးမှာ ဇန်နဝါရီ ၂၅ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီအထိ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း တန်ဇန်းနီးယားနိုင်ငံ ရပ်ခ်ဝါဒေသ မီးသတ်နှင့် ကယ်ဆယ်ရေးတပ်ဖွဲ့မှ အကြီးအကဲဖြစ်သူ ချာချာမချာကာ ဆင်ဟွာသို့ ပြောကြားသည်။ အစိုးရက ကယ်ဆယ်ရေးလုပ်ငန်းများပြုလုပ်ရန် တပ်မတော်ရဟတ်ယာဉ်တစ်စင်းနှင့် ရေငုပ်သမားများအား စေလွှတ်ခဲ့ကြောင်း တန်ဇန်းနီးယားပြည်ထဲရေးဝန်ကြီး အင်နိုဆန့်ဘစ်ရွှန်ဂ်ဝါက ပြောကြားသည်။

ထို့ပြင် ဇန်နဝါရီ ၂၄ ရက်နှောင်းပိုင်းတွင် တာဝန်ရှိသူများက အခင်းဖြစ်ပွားရာနေရာသို့ သွားရောက်ခဲ့ကြောင်း သိရသည်။ ရပ်ခ်ဝါရေကန်သည် တန်ဇန်းနီးယားနိုင်ငံ၏ တတိယအကြီးဆုံး ကုန်းတွင်းပိုင်း ရေကန်ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# အယ်လ်နီညိုရာသီနှင့် ဝါစိုက်ပျိုးထုတ်လုပ်မှု

ဇေယျာထွန်း

**အယ်လ်နီညိုဆိုသည်မှာ ပစိဖိတ်သမုဒ္ဒရာအလယ်ပိုင်းနှင့် အရှေ့ပိုင်းရှိ ပင်လယ်ရေမျက်နှာပြင်ကို ပူနွေးလာစေပြီး ကမ္ဘာ့ရာသီဥတုပုံစံကို ပြောင်းလဲစေနိုင်သော ဖြစ်စဉ်ဖြစ်ပါသည်။ အယ်လ်နီညိုသည် ၂ - ၇ နှစ်လျှင်တစ်ကြိမ် ဖြစ်ပေါ်တတ်ပြီး ၉ - ၁၂ လအထိ ကြာတတ်ပါသည်။**



မိတ္ထီလာမြို့နယ်ရှိ ဝါသီးနှံစိုက်ခင်းတစ်ခုကို တွေ့ရစဉ်။ ဓာတ်ပုံ- ချမ်းသာ(မိတ္ထီလာ)

ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)က ၂၀၂၃-၂၀၂၄ ခုနှစ်တွင် အားကောင်းသော အယ်လ်နီညိုဖြစ်စဉ်၏ ပြင်းထန်သော သက်ရောက်မှုကို ခံစားရနိုင်သော နိုင်ငံများကို ထုတ်ပြန်ခဲ့ရာတွင် မြန်မာနိုင်ငံသည် ရာသီဥတုဆိုင်ရာ စိန်ခေါ်မှုများအတွက် ဦးစားပေးစောင့်ကြည့်ရမည့်စာရင်းတွင် ပါဝင်သည်။ မြန်မာနိုင်ငံသည် ၁၉၈၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အတွင်း-

(၁) ၁၉၈၂- ၁၉၈၃၊
(၂) ၁၉၈၆-၁၉၈၇၊
(၃) ၁၉၈၇-၁၉၈၈၊
(၄) ၁၉၉၁-၁၉၉၂၊
(၅) ၁၉၉၇-၁၉၉၈၊
(၆) ၂၀၀၂-၂၀၀၃၊
(၇) ၂၀၀၉-၂၀၁၀၊
(၈) ၂၀၁၄-၂၀၁၅ များတွင်

အယ်လ်နီညိုဖြစ်ပွားမှု ရှစ်ကြိမ် ကြုံတွေ့ခဲ့ရပါသည်။

မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသများတွင် ပုံမှန်ရွာသွန်းမြဲမိုးရေချိန်အောက် လျော့နည်းရရှိပြီး အပူချိန်မြင့်တက်မှု ပြင်းထန်နိုင်ပြီး ပူပြင်းခြောက်သွေ့မှုဒဏ်ကို ခံစားရနိုင်ပါသည်။ ထို့ကြောင့် နိုင်ငံ၏ တရားဝင်မိုးလေဝသ ကြေညာချက်များကို စောင့်ကြည့်လေ့လာပြီး ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ကြရန် ကမ္ဘာ့မိုးလေဝသအဖွဲ့က နှိုးဆော်ထားပါသည်။

**အယ်လ်နီညို ရာသီဥတုကြောင့် မြန်မာနိုင်ငံ ဝါစိုက်ပျိုး ထုတ်လုပ်မှုကဏ္ဍကို သက်ရောက်မှု**

ကမ္ဘာ့ရာသီဥတုသည် အယ်လ်နီညိုနှင့် ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုတို့ကြောင့် ပူနွေးလာလျက်ရှိပြီး စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍကို ရိုက်ခတ်လျက်ရှိသကဲ့သို့ ဝါစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍကိုပါ သက်ရောက်နေပါသည်။ အယ်လ်နီညို အားကောင်းမှုက စိုက်ပျိုးရေးအပေါ် သက်ရောက်မှုများစွာ ဖြစ်ပေါ်စေပြီး စားနပ်ရိက္ခာထောက်ပံ့မှု ကွင်းဆက်ကို နှောင့်ယှက်ဟန့်တားမှုများနှင့် နိုင်ငံစီးပွားရေးကို ထိခိုက်စေနိုင်ပါသည်။ မြန်မာနိုင်ငံတွင် ဝါသီးနှံကို မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းသောဒေသများဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း)တို့တွင် အဓိကစိုက်ပျိုးပြီး ရှမ်း၊ ကချင်၊ ကရင်၊ ချင်း၊ ရခိုင်ပြည်နယ်များရှိ မြို့နယ်အချို့တွင်လည်း စိုက်ပျိုးလျက်ရှိပါသည်။

ထို့ကြောင့် အယ်လ်နီညိုသည် ဝါသီးနှံကို အဓိကစိုက်ပျိုးနေသော ဒေသများ၌ ကာလရှည်မိုးခေါင်မှုကို ဖြစ်စေနိုင်ပြီး စိုက်ပျိုးရာသီအတွက် အထူးသဖြင့် မိုးကောင်းသောက် ဝါစိုက်ဒေသများတွင် ပုံမှန်ရာသီဥတုရှိသော နှစ်များနှင့်ယှဉ်ပါက ဝါအထွက်နှုန်းကို ထိခိုက်ကျဆင်းစေနိုင်ပါသည်။ တခြားတစ်ဖက်တွင်လည်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေလွှမ်းမိုးခြင်းနှင့် မြေပြိုခြင်း အန္တရာယ်ရှိပြီး ဝါစိုက်ပျိုးထုတ်လုပ်မှုကို သက်ရောက်စေနိုင်ပါသည်။ မိုးခေါင်ရေရှားမှုနှင့် အပူချိန်တိုးလာမှုကြောင့် ဝါသီးနှံအပေါ် ရေလိုအပ်ချက်သည် ပုံမှန်စိုက်ရာသီများထက် ပိုနိုင်ပြီး မြေအောက်ရေနှင့် ဆည်ရေသောက်ဒေသများတွင် ရေကို စနစ်တကျသုံးစွဲရန် အရေးကြီးပါသည်။

ထို့ပြင် ကမ္ဘာကြီးပူနွေးလာပြီး အပူချိန်တိုးလာသည်နှင့်အမျှ အင်းဆက်အားလုံးနီးပါးကို သက်ရောက်မှုရှိပြီး အင်းဆက်ဖျက်ပိုးများကိုသာမက ရောဂါဖြစ်စေသော သက်ရှိများ (မှို၊ ဗိုင်းရပ်စ်၊ ဗက်တီးရီးယား၊ နီမတုတ် စသည့်) သက်ရှိများ၏ ဇီဝဖြစ်စဉ်ကိုပါ လျင်မြန်စေသည်ဟု သုတေသနစာတမ်းများတွင် ဆိုထားသည်။ ဤအကျိုးသက်ရောက်မှုများသည် အင်းဆက်ဖျက်ပိုးများနှင့် ရောဂါဖြစ်စေသော သက်ရှိများ၏ အရေအတွက် တိုးလာပြီး ဝါစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍကို သက်ရောက်မှုများ ကြုံလာရနိုင်ပါသည်။ ဝါပင်၏ ပြင်ပပုံသဏ္ဌာန်နှင့် အပင်ဇီဝဆိုင်ရာ တည်ဆောက်ထားမှုပုံသဏ္ဌာန်ထူးခြားချက်များသည် အခြားသီးနှံများထက် ပိုးကျရောက်ဖျက်ဆီးပိုမိုကျရောက်ရန် ဖန်တီးထားသကဲ့သို့ ဖြစ်နေပါသည်။

**ဝါပင်၏ ရာသီဥတုအပေါ်တုံ့ပြန်မှု**

ဝါသည် ပူ၍ခြောက်သွေ့သော ဒေသများကို ကြိုက်နှစ်သက်ပြီး အမြင့်ဆုံးအထွက်နှုန်းကို ၎င်းဒေသများတွင် ရရှိနိုင်သော်လည်း ၂၀-၃၀ ဒီဂရီဆဲလ်စီးယပ်အတွင်း ညီညာသော အပူချိန်ရရှိရန် လိုအပ်ပါသည်။ ဝါပင်သည် အပူချိန် ၃၅ ဒီဂရီဆဲလ်စီးယပ်အထက်ဆိုလျှင် မသင့်လျော်ပါ။ သို့သော် ၄၃ - ၄၅ ဒီဂရီဆဲလ်စီးယပ်အထိ ရက်အနည်းငယ် ထိခိုက်မှုမရှိဘဲ ခံနိုင်ရည်ရှိပါသည်။ ၎င်းအပူချိန်အတိုင်း ရက်အတော်ကြာဆက်ရှိနေမည်ဆိုပါက ဝါအထွက်နှုန်းကို ဆိုးကျိုးသက်ရောက်နိုင်ပါသည်။

ဝါပင်ဖြစ်ထွန်းမှုအတွက် အကောင်းဆုံး နေ့တာမှာ ၈ - ၁၂ နာရီအတွင်း ဖြစ်ပါသည်။ ဝါပင် သန်စွမ်းကြီးထွားစေရန် ရေ(အစိုဓာတ်) လိုအပ်သည်။ အစိုဓာတ် မလုံလောက်လျှင် ဝါပင်ညှိုးစေပြီး အဖူး၊ အပွင့်နှင့် သီးကင်းများ ကြွေကျမည်။ အပင်ကြီးထွားမှုနှေးမည်။ အစိုဓာတ်များလျှင်လည်း အမြစ်များမှ အောက်ဆီဂျင်မရသဖြင့် အပင်ဖြစ်ထွန်းမှုမရှိဘဲ အဖူးနှင့် သီးကင်းများ ကြွေကျမည်။ အပင်ပုမည်။ အမြင့်ဆုံးအထွက်နှုန်းရရှိရန် ပုံမှန်ရာသီဥတုတွင် ရေ ၂၈ ဒသမ ၀ - ၃၈ ဒသမ ၅ ဧကလက်မ လိုအပ်သည်။ သို့ဖြစ်၍ အပင်ကြီးထွားမှု အဆင့်အလိုက် မြေအစိုဓာတ်ထိန်းစွမ်းအား (Field Capacity) လိုအပ်ချက်မှာ- ပန်းမပွင့်မီအချိန်တွင် ၆၅ ရာခိုင်နှုန်း၊ ပန်းပွင့်ဖြိုင်ချိန်တွင် ၇၀ ရာခိုင်နှုန်း၊ ဝါသီးကွဲချိန်တွင် ၆၀ ရာခိုင်နှုန်း အသီးသီး ဖြစ်ပါသည်။

မိုးကောင်းသောက် စိုက်ပျိုးမည့်ဒေသတွင် ပျမ်းမျှမိုးရေချိန် ၂၀ လက်မ- ၄၀ လက်မ ရရှိရန်လိုသည်။ ဝါစိုက်ရန် အသင့်လျော်ဆုံး နှစ်စဉ်ပျမ်းမျှမိုးရေချိန်မှာ ၃၅ လက်မ - ၄၅ လက်မအတွင်း ဖြစ်ပါသည်။ ဝါစိုက်ပျိုးရာသီတွင် မိုးရွာသွန်းမှု ညီညာပျံ့နှံ့ရန်လိုသည်။ ဝါသီးကွဲချိန်တွင် လေထုစိုထိုင်းဆ ၆၅ ရာခိုင်နှုန်းအောက် ရှိသင့်သည်။

ဝါစေ့စတင်စိုက်ပျိုးသည်မှ ဝါပင်မြေပေါ်ထွက်လာသည်အထိ ကာလကြာမြင့်မှုမှာ မြေတွင်းအပူချိန်နှင့် သက်ဆိုင်ပါသည်။ မြေအပူချိန် ၁၈ - ၂၂ ဒီဂရီဆဲလ်စီးယပ်အတွင်းတွင် ၁၀-၁၃ရက်ကြာတတ်ပြီး ၂၃-၂၆ ဒီဂရီဆဲလ်စီးယပ်အတွင်းတွင် ၇-၉ ရက်ကြာတတ်ပါသည်။ မျိုးစေ့အပင်ပေါက်ရန် မြေအနက်လေးလက်မတွင် အနည်းဆုံး ၁၆ ဒီဂရီဆဲလ်စီးယပ်ရှိရန် လိုအပ်သည်။ ၎င်းထက်နည်းလျှင် အပင်ပေါက်စုံလင်စွာ မရနိုင်ပေ။ ပန်းပွင့်ချိန်နှင့် ဝါသီးသီးချိန်တွင် နေ့အပူချိန် ၂၆ - ၃၂ ဒီဂရီဆဲလ်စီးယပ်အတွင်း ညအချိန်တွင် အအေးအသင့်အတင့် လိုအပ်ပါသည်။ ညအပူချိန်မြင့်မားခြင်း (၈၀ ဒီဂရီဖာရင်ဟိုက်=၂၆ ဒသမ ၇ ဒီဂရီဆဲလ်စီးယပ်နှင့်အထက်) သည် ဝတ်မှုန်အောင်မြင်မှု ကျဆင်းစေပြီး အချို့ဝါမျိုးများသည် ညအပူချိန် (၉၈ ဒီဂရီဖာရင်ဟိုက် = ၃၆ ဒသမ ၇ ဒီဂရီဆဲလ်စီးယပ်နှင့်အထက်)တွင် ဝတ်မှုန်ရှင်သန်မှု လုံးဝရပ်တန့်သွားပြီး ဝါစေ့အောင်မြင်မှု နည်းပါသည်။

ဝါစေ့အောင်မြင်မှု နည်းသည့်အတွက် ဝါအထွက်နှုန်းကို ထိခိုက်ကျဆင်းစေနိုင်သည်။ ဝါပွင့်ဝတ်မှုန်သည် အစိုဓာတ်နှင့် တုံ့ပြန်မှုပြင်းထန်သည်။ ဝတ်မှုန်သည် ရေနှင့် ထိတွေ့ပါက ငါးစက္ကန့်အတွင်း ပေါက်ကွဲသွားလေ့ရှိသဖြင့် ပန်းပွင့်ရက်များတွင် နံနက်စောစောမိုးရွာခြင်း၊ ရေစိုခြင်းဖြစ်ပါက မျိုးကူးစက်အောင်မြင်မှု နည်းသည်။ ဝါပွင့်၏ ပွင့်ဖတ်များ ပြန့်ကားပန်းပွင့်လာစေရန် အဓိကအားဖြင့် ရေအစိုဓာတ်က ဆောင်ရွက်ပါသည်။ သို့သော် ပန်းပွင့်ရန်အတွက်မူ ရေနည်းသော်လည်း အောင်မြင်စွာ ပွင့်နိုင်သည်။

ထိုကာလတွင် ပန်းပွင့်သည် ရေငတ်ဒဏ်ကို ခံနိုင်သော်လည်း သန္ဓေအောင်ပြီးနောက် ခံနိုင်ရည်အနည်းဆုံးအဆင့်သို့ ချက်ချင်းရောက်ရှိသွားပြီး ရေနည်းလျှင် ချက်ချင်းကြွေပါသည်။ ပန်းပွင့်ဖြိုင်ချိန်တွင် ဝါခင်းရေမငတ်စေရန် သတိပြုရမည်။ အပူချိန် ၄၀ ဒီဂရီဆဲလ်စီးယပ်နှင့်အထက် ပြင်းထန်စွာရောက်ရှိပါက ဝါပင်ဖြစ်ထွန်းမှုကို ထိခိုက်ကာ မျိုးကူးစက်မအောင်မြင်ဘဲ အပွင့်နှင့် သီးကင်းကြွေကျမှုကို ဖြစ်စေပါသည်။

ဝါသီးကွဲချိန်တွင် မိုးရွာပါက အထွက်နှုန်းနှင့် အရည်အသွေးကို ကျဆင်းစေနိုင်ပါသည်။ ဝါသီးရင့်မှည့်ချိန်တွင် ပျမ်းမျှ

*စာမျက်နှာ ၁၇ သို့*

**○ အယ်လ်နီညိုသည် ဝါသီးနှံကို အဓိကစိုက်ပျိုးနေသော ဒေသများ၌ ကာလရှည်မိုးခေါင်မှုကို ဖြစ်စေနိုင်ပြီး စိုက်ပျိုးရာသီအတွက် အထူးသဖြင့် မိုးကောင်းသောက် ဝါစိုက်ဒေသများတွင် ပုံမှန်ရာသီဥတုရှိသော နှစ်များနှင့် ယှဉ်ပါက ဝါအထွက်နှုန်းကို ထိခိုက်ကျဆင်းစေနိုင်**

**○ မိုးခေါင်ရေရှားမှုနှင့် အပူချိန်တိုးလာမှုကြောင့် ဝါသီးနှံအပေါ် ရေလိုအပ်ချက်သည် ပုံမှန်စိုက်ရာသီများထက်ပိုနိုင်ပြီး မြေအောက်ရေနှင့် ဆည်ရေသောက် ဒေသများတွင် ရေကို စနစ်တကျသုံးစွဲရန် အရေးကြီး**

# နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုး နေပြည်တော်ရှိ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး



**နေပြည်တော် ဇန်နဝါရီ ၂၆**

နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးနှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း နေပြည်တော်ကောင်စီ၏ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် နေပြည်တော် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအား ကွင်းဆင်းစစ်ဆေးသည်။

နေပြည်တော်ကောင်စီဝင်နှင့် အဖွဲ့ဝင်များအား လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်၍ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဝင်က လုပ်ငန်းများ အရည်အသွေးပြည့်မီရေး၊ အချိန်မီပြီးစီးရေးနှင့် လိုအပ်ချက်များကို မှာကြားသည်။**(ယာပုံ)**

ယင်းနောက် နေပြည်တော်ကောင်စီဝင်နှင့် အဖွဲ့ဝင်များသည် ပုဗ္ဗသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်နှင့် ဇေယျာသီရိမြို့နယ်အတွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ **ထွန်းထွန်းဝင်း(ပြန်/ဆက်)**

# ကွမ်းခြံကုန်း၌ သဘာဝဘေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး

**ကွမ်းခြံကုန်း ဇန်နဝါရီ ၂၆**



ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းကျင်းပသည့် သဘာဝဘေးအန္တရာယ်နှင့် မူးယစ်ဆေးဝါးများ အန္တရာယ်အကြောင်း အသိပညာပေးဟောပြောပွဲများကို ကွမ်းခြံကုန်းမြို့နယ် ဝက်ကိုက်ကျေးရွာ ဘုန်းတော်ကြီးကျောင်းနှင့် အထက(လက်ခုပ်ကုန်း) ကျောင်းခန်းမတို့၌ ယမန်နေ့က ကျင်းပရာ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦးနှင့် မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးပြည့်ဖြိုးဟိန်း၊ လက်ခုပ်ကုန်းနယ်မြေရဲစခန်းမှူး ရဲအုပ်မျိုးဇော်ဝင်းတို့က သဘာဝဘေး ကြိုတင်ကာကွယ်ရေး၊ မီးဘေးလုံခြုံရေးနှင့် မူးယစ်ဆေးဝါး အန္တရာယ်အကြောင်း အသိပညာပေး ဟောပြောသည်။

ဆက်လက်၍ ကွမ်းခြံကုန်းမြို့နယ် လက်ခုပ်ကုန်းတိုက်နယ်ဆေးရုံ၌ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမိုးမိုးကျော်က သားဆက်ခြားနည်းလမ်း အသိပညာပေး ဟောပြောပြီးနောက် ခရိုင်မိခင်နှင့် ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရဖြည့်စွက်စာများ ပေးအပ်ခဲ့ကြောင်းသိရသည်။

**ဆွေနွယ်(ပြန်/ဆက်)**

# ချောင်းဆုံမြို့နယ်၌ မြေပြင်လူဦးရေစာရင်းများ အတည်ပြုစစ်ဆေး

**ချောင်းဆုံ ဇန်နဝါရီ ၂၆**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အတွင်း ၂၀၂၂ ခုနှစ်တွင် ကောက်ယူပြီးစီးခဲ့သည့် မြေပြင်လူဦးရေစာရင်းများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးနှင့် ရပ်ကွက်ကျေးရွာအုပ်စု မြေပြင်ကွင်းဆင်းလူဦးရေစာရင်း ကောက်ယူရေးကြီးကြပ်မှုကော်မတီတို့ ပူးပေါင်းကာ မြေပြင်ကွင်းဆင်းအတည်ပြု စစ်ဆေးခြင်းကို ဇန်နဝါရီ ၂၄ ရက်က ကျေးရွာခြောက်ရွာတွင် ဆောင်ရွက်သည်။

မြို့နယ်အတွင်းရှိ မြေပြင်လူဦးရေစာရင်းများ တိကျမှန်ကန်စွာရရှိရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးသန့်ရှင်းရွှေနှင့် ဝန်ထမ်းများက အဖွဲ့ ၁၅ ဖွဲ့ခွဲ၍ ကျေးရွာများရှိ အိမ်ထောင်စုများ၏ လူဦးရေဆိုင်ရာ အချက်အလက်များ အတည်ပြုစစ်ဆေးခြင်းကို ချောင်းဆုံအရှေ့ရပ်ကွက်၊ နတ်မော်၊ ကွမ်သဲ၊ သကြော၊ အဘစ်နှင့် မုဒွန်းကျေးရွာတို့တွင် ကွင်းဆင်းဆောင်ရွက်ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# ဆင်ပေါင်ဝဲ-ကိုးပင်လမ်းမကြီးမှ ကျွဲခြံကျေးရွာဆက်လမ်း ကတ္တရာခင်း

**ဆင်ပေါင်ဝဲ ဇန်နဝါရီ ၂၆**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆင်ပေါင်ဝဲ-ကိုးပင်လမ်းမကြီးမှ ကျွဲခြံကျေးရွာသို့ ဆက်သွယ်သောလမ်းကို ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။



အဆိုပါ ဆင်ပေါင်ဝဲ-ကိုးပင်လမ်းမကြီးမှ ကျွဲခြံကျေးရွာ ဆက်သွယ်သော လမ်းအရှည် တစ်မိုင်အား ကတ္တရာလမ်းခင်းခြင်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေကျပ် ၃၂၀ ဒသမ ၉၂၅ သန်းဖြင့် တင်ဒါအောင်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ကျွဲခြံကျေးရွာ အပါအဝင် ကျေးရွာခုနစ်ရွာရှိ အိမ်ခြေ ၂၀၀၂ အိမ်၊ လူဦးရေ ၇၄၃၁ ဦးအတွက် အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းလုပ်ငန်းများဆောင်ရွက်နေမှုကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် (မြို့ပြ) ဦးကျော်ကျော်ထွေးနှင့် အဖွဲ့ဝင်များ ဇန်နဝါရီ ၂၆ ရက်က ကွင်းဆင်းစစ်ဆေးရာ မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဦးပန်သုမောင်က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**

**အိမ်မြင်ပေ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

*စာမျက်နှာ ၁၆ မှ*

နေ့အပူချိန် ၂၂ ဒီဂရီဆဲလ်စီးယပ် ရှိသင့်ပြီး ၎င်းကာလအတွင်း အပူချိန် ၃၈ ဒီဂရီဆဲလ်စီးယပ်သို့ ရောက်ရှိလာပါက ဝါသီးရင့်မှည့်မှု ရပ်တန့်ကာ သေးငယ်စေပြီး ချည်မျှင်ရင့်မှည့်မှုကို အပြည့်အဝမဖြစ်စေဘဲ အထွက်နှုန်းနှင့် ဂွမ်းအရည်အသွေးကို ကျစေသည်။ ချည်အရည်အသွေးမြင့်မားစေရန် ဝါပင်အင်္ဂါအစိတ်အပိုင်းအလိုက် ပုံမှန်ဖွံ့ဖြိုးမှုလိုအပ်ပါသည်။ ထို့ကြောင့် ဝါကြိုက်နှစ်သောအပူချိန် (၂၀-၃၀ ဒီဂရီဆဲလ်စီးယပ်)တွင် သင့်တော်သော စိုထိုင်းဆရှိပါက ဝါသီးတစ်လုံးတွင် ချည်မျှင်ပါဝင်မှုမြင့်မားပြီး ချည်အလျားတိုနေစေကာမူ ချည်မျှင်ကိုထူစေ၍ ခိုင်မာစေပါသည်။ မြေအပူချိန် ၂၀ ဒီဂရီဆဲလ်စီးယပ်အောက် ရက်အနည်းငယ် (ကာလတို) ကျရောက်ပါက ရေစုပ်ယူမှုကို နှေးကွေးစေပြီး သင့်လျော်သော အစိုဓာတ်ရှိလျှင်တောင်မှ ဝါပင်ကို ညှိုးစေနိုင်သည်။

**ရာသီဥတုနှင့် လိုက်လျောညီထွေသော သီးညှပ်စိုက်ပျိုးနည်းစနစ်**

အချို့ဒေသများတွင် ဝါသီးနှံတစ်မျိုးတည်း စိုက်ပျိုးကြသည်များရှိသကဲ့သို့ သီးညှပ်စိုက်ပျိုးသော ဒေသများလည်း ရှိပါသည်။ သီးနှံစိုက်ပျိုးနည်းစနစ်များ များစွာရှိသည့်အနက်မှ အယ်လ်နီညို ရာသီနှင့် လိုက်လျောညီထွေရှိသည့် စိုက်နည်းစနစ်များမှာ-

**ချည်မျှင်ရှည်ဝါနှင့် ပဲတီစိမ်း** - ချည်မျှင်ရှည်ဝါကို ပင်ကြားတန်းကြား ၃ ပေ x ၂ ပေ တစ်ကျင်း နှစ်ပင်ချန် သို့မဟုတ် ၃ ပေ x ၃ပေ တစ်ကျင်း နှစ်ပင်ချန်စနစ်ဖြင့် စိုက်ပျိုးပြီး ချည်မျှင်ရှည်ဝါ စိုက်တန်းများ၏ အလယ်တွင် ပဲတီစိမ်းကို ကြွက်မြီးတန်းချ စိုက်ပျိုးခြင်း။

**ချည်မျှင်ရှည်ဝါနှင့် မြေပဲ** - မြေပဲကို ၁ ဒသမ ၅ ပေ စိုက်တန်းဖြင့် ကြွက်မြီးတန်းချ စိုက်ပျိုးပြီး မြေပဲ နှစ်တန်း (ဝါအဓိကပုံစံ) သို့မဟုတ် မြေပဲ ငါးတန်း (မြေပဲအဓိကပုံစံ) စိုက်ပျိုးပြီးတိုင်း ဝါနှစ်တန်း စိုက်ပျိုးရန် ဝါကိုသတ်မှတ် အတန်းကြား အပင်ကြား အကွာအဝေးဖြင့် စိုက်ပျိုးခြင်း။

**ချည်မျှင်ရှည်ဝါနှင့် နှမ်း** - နှမ်းကို ၁ ဒသမ ၅ ပေ စိုက်တန်းဖြင့် ဖြူးချ စိုက်ပျိုးပြီး နှမ်းငါးတန်းကျော်တိုင်း ဝါနှစ်တန်းစိုက်ရန်၊ ဝါကို သတ်မှတ် အတန်းကြား အပင်ကြား အကွာအဝေးဖြင့် စိုက်ပျိုးခြင်း။

**ချည်မျှင်ရှည်ဝါနှင့် ငရုတ်** - ပင်ကြားတန်းကြား ၃ပေ x ၂ပေ သို့မဟုတ် ၃ပေx ၃ ပေစနစ်ဖြင့် စိုက်ပျိုးထားသော ငရုတ်ခင်းတွင် ငရုတ်ပင်ကိုင်းခွပြီး ပန်းစပွင့်ချိန်၌ ငရုတ်စိုက်တန်းများအကြား သို့မဟုတ် ငရုတ်နှစ်ပင်ကြား ဝါကို သတ်မှတ်အပင်ကြား အကွာအဝေးဖြင့် စိုက်ပျိုးခြင်း။

**ချည်မျှင်ရှည်ဝါနှင့် ပဲစင်းငုံ**- ချည်မျှင်ရှည်ဝါကို ပင်ကြားတန်းကြား ၃ ပေ x ၃ ပေ နှစ်ပင်ချန်စနစ်ဖြင့် စိုက်ပျိုးပြီး ဝါ ၆-၈ တန်း စိုက်ပျိုးပြီးတိုင်း ပဲစင်းငုံ ၁-၂ တန်း စိုက်ပျိုးခြင်း။

**ချည်မျှင်တိုဝါနှင့် ပဲစင်းငုံ** - ချည်မျှင်တိုဝါကို ၂ ဒသမ ၅ ပေ x ၁ ပေ နှစ်ပင်ချန်စနစ်ဖြင့် စိုက်ပျိုးပြီး ချည်မျှင်တိုဝါ ၈-၁၀ တန်း စိုက်ပျိုးပြီးတိုင်း ပဲစင်းငုံ တစ်တန်း စိုက်ပျိုးခြင်း။

အထက်ပါ သီးနှံအတွဲများသည် စိုက်ပျိုးရေးဦးစီးဌာန ဝါနှင့်လျှော်မျှင်ထွက် သီးနှံဌာနခွဲမှ အကြံပြုထားသော ဝါစိုက်ပျိုးနည်းစနစ်များထဲမှ ကောက်နုတ်တင်ပြထားခြင်းဖြစ်ပါသည်။

အယ်လ်နီညိုဖြစ်စဉ်ကြောင့် ရာသီဥတုပုံမှန်မဖြစ်ခြင်းကို မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ ထုတ်ပြန်လျက်ရှိသော သတင်းများကို အမြဲမပြတ်လေ့လာစောင့်ကြည့်၍ ဝါစိုက်တောင်သူဦးကြီးများ၏ စိုက်ပျိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုများ (အထူးသဖြင့် စိုက်ပျိုးနည်းစနစ်၊ သီးနှံကာကွယ်ရေး) နှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရန် သို့မဟုတ် အနည်းဆုံးဖြစ်စေရန် ကြိုတင်ကာကွယ်ခြင်းများကို စီမံဆောင်ရွက်ကြရန် ဖြစ်ပါသည်။ စိုက်ပျိုးနည်းစနစ်နှင့် ပတ်သက်၍ ထက်မံသိလိုသည်များရှိပါက စိုက်ပျိုးရေးဦးစီးဌာန၏ ဝက်ဆိုက် (www.doa.gov.mm) တွင် ဝင်ရောက်ကြည့်ရှုခြင်းဖြင့်လည်းကောင်း၊ (Call Center) MPT Free Call ဖုန်းနံပါတ် ၀၈၀၀၈၀၀၈၀၀၀ လည်းကောင်း၊ Viber No. ၀၉၇၆၄၀၀၀၈၄၁ သို့လည်းကောင်း ဖုန်းနံပါတ် ၀၆၇၃၄၁၀၁၃၉ သို့ ရုံးပိတ်ရက်မှအပ နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း ဆက်သွယ်ဆွေးနွေးနိုင်ပါသည်။ ။



## ပြိုင်ဘက်ကို အနိုင်ယူပြီး ဩစတြေးလျအိုးပင်းဆုဖလားကို ဂျန်းနစ်ဆင်းနာ နှစ်ကြိမ်ဆက်ဆွတ်ခူး

အီတလီတင်းနစ်အကျော်အမော် ဂျန်းနစ် ဆင်းနာသည် ဩစတြေးလျအိုးပင်း အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် ပြိုင်ဘက် ဂျာမနီတင်းနစ်ကစားသမား အလက်ဇန္ဒြား ဇာဗရေ့ဗ်ကို အနိုင်ယူပြီး နှစ်ကြိမ်ဆက် ဖလားဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

ဆင်းနာသည် အဆိုပါ ပွဲစဉ်တွင် ပြိုင်ဘက်ကို ၆-၃၊ ၇-၆ (၇-၄)၊ ၆-၃ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ဖလားဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။ အသက် ၂၃ နှစ်အရွယ် ဆင်းနာသည် ဩစတြေးလျအိုးပင်းပြိုင်ပွဲတွင် နာမည်ကျော် တင်းနစ်ကစားသမားများ ဖြစ်သည့် ဂီရွန်၊ ရူနီ၊ ရှဲလ်တန်တို့ကို အနိုင်ယူကျော်ဖြတ်ကာ ဗိုလ်လုပွဲသို့ တက်လှမ်းလာသူ ဖြစ်သည်။ ဆင်းနာသည် ၂၀၂၄ ခုနှစ် ဩစတြေးလျအိုးပင်းပြိုင်ပွဲ ဗိုလ်လုပွဲတွင်လည်း ပြိုင်ဘက်ကို အနိုင်ယူကာ ဖလားဆွတ်ခူးထားသူ ဖြစ်သည်။

အသက် ၂၇ နှစ်အရွယ် ဂျာမနီတင်းနစ် ကစားသမား ဇာဗရေ့ဗ်သည် ဂရင်းဆလမ်း ဗိုလ်လုပွဲ သုံးကြိမ်တွင် သုံးကြိမ်စလုံး ရှုံးနိမ့်သည့် ခြောက်ဦးမြောက် တင်းနစ်ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

၎င်းသည် ၂၀၂၀ ယူအက်စ်အိုးပင်းပြိုင်ပွဲ ဗိုလ်လုပွဲတွင် ဩစတြီးယားတင်းနစ်ကစားသမား ဒိုမီနစ်သီမ်းကို ရှုံးနိမ့်ခဲ့ကာ ဖလားဆွတ်ခူးခွင့် လွဲချော်ခဲ့သလို ၂၀၂၄ ခုနှစ် ပြင်သစ်အိုးပင်းပြိုင်ပွဲ ဗိုလ်လုပွဲတွင် စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်ကို ရှုံးနိမ့်ကာ ဖလားဆွတ်ခူးခွင့် လွဲချော်ထားသူဖြစ်သည်။

## မန်ယူတောင်ပံကစားသမား အန်တိုနီ ဘက်တစ်အသင်းသို့ ရာသီဝက် အငှားပြောင်းရွှေ့



မန်ယူအသင်း တောင်ပံကစားသမား အန်တိုနီသည် လာလီဂါကလပ် ဘက်တစ်အသင်းထံသို့ ရာသီကုန်အထိ အငှားပြောင်းရွှေ့သွားပြီဖြစ်ကြောင်း သိရသည်။

အသက် ၂၄ နှစ်အရွယ် ဘရာဇီး တောင်ပံကစားသမားသည် ၂၀၂၂ ခုနှစ် ဩဂုတ်လတွင် ပေါင် ၈၁ ဒသမ ၃ သန်းဖြင့် အိုင်းယက်စ်အသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူ ဖြစ်သည်။

၎င်းသည် မန်ယူအသင်းအတွက် ၉၆ ပွဲပါဝင်ကစားထားပြီး ၁၂ ဂိုး သွင်းယူပေးထားသည်။ ၎င်းနှင့် မန်ယူအသင်းတို့ ချုပ်ဆိုထားသော စာချုပ်သက်တမ်းမှာ ၂၀၂၇ ခုနှစ်အထိဖြစ်ကြောင်း သိရသည်။

### စီးရီးအေပွဲစဉ် (၂၂) တွင် အေစီမီလန်က ပါးမားကို အနိုင်ရ

စီးရီးအေ ပွဲစဉ် (၂၂) မှ အေစီမီလန်နှင့် ပါးမားအသင်းပွဲစဉ်ကို ဇန်နဝါရီ ၂၆ ရက် ညနေ ၆ နာရီက ယှဉ်ပြိုင်ကစားခဲ့ရာ အေစီမီလန်အသင်းက အကြိတ်အနယ်ကစားပြီး သုံးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

ပါးမားအသင်းက အေစီမီလန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိရန် နီးစပ်ခဲ့သော်လည်း ထပ်ဆောင်း အချိန်ပိုတွင် နှစ်ဂိုးခွင့်ပြုပေးခဲ့ရသည့်အတွက် သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ အေစီမီလန်အသင်းသည် ယခုအနိုင်ပွဲကြောင့် စီးရီးအေနိုင်ပွဲ ကိုးပွဲရှိလာပြီ ဖြစ်သည်။

■ မိုးဇက် - စုစည်းသည်

ဇန်နဝါရီ ၂၈ ရက် နံနက်ပိုင်းမှာ စီးရီးအေ ပွဲစဉ် (၂၂) မှ ပွဲစဉ် နှစ်ပွဲကို ဆက်လက်ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ တန်းဆင်းဇုန်မှ အသင်းအချင်းချင်းတွေ့ဆုံမှုအပြင် အမှတ်ပေးဇယားအထက်ပိုင်းတက်လှမ်းနိုင်ရေး ခြေကုန်ထုတ်လာမယ့် ဂျီနိုအာက တန်းဆင်းဇုန်အောက်ဆုံးရပ်တည်နေတဲ့ မွန်ဇာအသင်းနဲ့ တွေ့ဆုံနေတာကြောင့် လက်မလွှတ်တမ်း စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

## ဗနီဇီယာနဲ့ ဗီရိုနာတို့ရဲ့ ပြင်းထန်လာဦးမယ့် တန်းဆင်းဇုန်ပြိုင်ပွဲ

### ဗနီဇီယာ VS ဗီရိုနာ



ဂျိုးပိုဂျန်ပါလို

ဗနီဇီယာ (တိုက်စစ်)

၁၉ ပွဲကစား၊ ၆ ဂိုးသွင်း

စီးရီးအေမှာ ခံစစ်အဆိုးရွားဆုံး အသင်းအဖြစ် ရပ်တည်နေတဲ့ ဗီရိုနာက နောက်ဆုံးသုံးပွဲဆက် နိုင်ပွဲပျောက်ဆုံးထားသလို တိုက်စစ်အဆိုးရွားဆုံးအသင်းထဲ ပါဝင်နေတဲ့ ဗနီဇီယာက နောက်ဆုံး လေးပွဲဆက် နိုင်ပွဲပျောက်ဆုံးထားတယ်။ တန်းဆင်းဇုန်အတွင်းကျရောက်နေတဲ့ အသင်းအချင်းချင်းတွေ့ဆုံမှုအပြင် နိုင်ပွဲပျောက်ဆုံးနေတဲ့ အသင်းအချင်းချင်းတွေ့ဆုံမှုဖြစ်တာကြောင့် ပြိုင်ဆိုင်မှု ပြင်းထန်လာမှာ သေချာတယ်။ ဖိအားပေးကစားနိုင်တဲ့အသင်းထက် အဆုံးသတ် သေချာတဲ့အသင်း နိုင်ပွဲရမယ်။



ကက်စ်ပါ

ဗီရိုနာ (တိုက်စစ်)

၁၉ ပွဲကစား၊ ၆ ဂိုးသွင်း

ဗနီဇီယာနဲ့ ဗီရိုနာအသင်းတို့ရဲ့ နောက်ဆုံး သုံးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဗီရိုနာ | ၂ - ၁ | ဗနီဇီယာ | | စီးရီးအေ |
| ဗီရိုနာ | ၃ - ၁ | ဗနီဇီယာ | | စီးရီးအေ |
| ဗနီဇီယာ | ၃ - ၄ | ဗီရိုနာ | | စီးရီးအေ |

### ဂျီရိုနာ VS မွန်ဇာ



အန်ဒရီယာ

ဂျီရိုနာ (တိုက်စစ်)

၂၀ ပွဲကစား၊ ၆ ဂိုးသွင်း

ဂျီရိုနာက အမှတ်ပေးဇယားအထက်ပိုင်း တက်လှမ်းဖို့ ခြေကုန်ထုတ်လာမှာဖြစ်ပြီး ပြိုင်ဘက် မွန်ဇာက တန်းဆင်းဇုန်မှ လွတ်မြောက်ဖို့ ခြေကုန်ထုတ်လာမှာပါ။ ဂျီရိုနာထက် မွန်ဇာအသင်းက မဖြစ်မနေ နိုင်ပွဲရဖို့ လိုအပ်နေတယ်။ ဂျီရိုနာက ခံစစ်ပိုင်းအားနည်းတဲ့အပြင် တိုက်စစ်ပိုင်းက ထက်မြက်မှု မရှိဘူး။ နိုင်ပွဲရဖို့ ဦးတည်လာမယ့် မွန်ဇာအသင်းရဲ့ ရုန်းအားကြောင့် ဂျီရိုနာအသင်း ခက်ခက်ခဲခဲ ကစားရနိုင်တယ်။ ဂျီရိုနာအသင်း နိုင်ဖွယ်ရာရှိပေမယ့် ပုံမှန်ခြေစွမ်းမပြသနိုင်ခဲ့ရင် မမျှော်လင့်ဘဲ ရှုံးပွဲကြုံတွေ့သွားနိုင်တယ်။



မီလန်ဒီဂျာရစ်

မွန်ဇာ (တိုက်စစ်)

၁၉ ပွဲကစား၊ ၄ ဂိုးသွင်း

ဂျီရိုနာနဲ့ မွန်ဇာအသင်းတို့ရဲ့ နောက်ဆုံး သုံးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| မွန်ဇာ | ၀ - ၁ | ဂျီရိုနာ | | စီးရီးအေ |
| ဂျီရိုနာ | ၂ - ၃ | မွန်ဇာ | | စီးရီးအေ |
| မွန်ဇာ | ၁ - ၀ | ဂျီရိုနာ | | စီးရီးအေ |

## အမ်ဘာပေ၏ ဟက်ထရစ်ဖြင့် ဗယ်လာဒိုလစ်ကို ရီးရဲမက်ဒရစ် ဂိုးပြတ်အနိုင်ရ

စပိန်လာလီဂါပွဲစဉ် (၂၁) မှ ဗယ်လာဒိုလစ်နှင့် ရီးရဲမက်ဒရစ်အသင်းပွဲစဉ်ကို ဇန်နဝါရီ ၂၆ ရက် နံနက် ၂ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့ရာ ရီးရဲမက်ဒရစ်အသင်းက အားထားရသည့် တိုက်စစ်ကစားသမား အမ်ဘာပေ၏ ဟက်ထရစ်ဂိုးဖြင့် သုံးဂိုးပြတ် နိုင်ပွဲရရှိခဲ့သည်။

ရီးရဲမက်ဒရစ်အသင်းသည် အဆိုပါ နိုင်ပွဲကြောင့် အမှတ်ပေးဇယားကို လေးမှတ်ပြတ် ဦးဆောင်နိုင်ခဲ့သည်။ ဗယ်လာဒိုလစ်အသင်းသည် နာမည်ကြီး ရီးရဲမက်ဒရစ်အသင်း၏ ဖိအားပေးတိုက်စစ်ဆင်မှုများကိုသာ ပွဲကစားချိန်အများစု ခုခံကာကွယ်ခဲ့ရသည်။



■ ရီးရဲမက်ဒရစ်အသင်း တိုက်စစ်ကစားသမား အမ်ဘာပေ ဗယ်လာဒိုလစ်အသင်းဘက်သို့ ဂိုးသွင်းယူစဉ်။

ဗယ်လာဒိုလစ်အသင်း ကစားသမား မာရီယို မာတင် ပွဲချိန်ပြည့်ခါနီးတွင် နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရသည်။

ဟက်ထရစ်ရယူနိုင်ခဲ့သော အမ်ဘာပေသည် ယခုနှစ်ရာသီတွင် ရီးရဲမက်ဒရစ်အသင်းအတွက် ပြိုင်ပွဲစုံ ၃၂ ပွဲတွင် သွင်းဂိုး ၂၂ ဂိုး ရှိလာပြီ ဖြစ်သည်။

ရီးရဲမက်ဒရစ်အသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့်အတွက် လာလီဂါ ၂၁ ပွဲကစားပြီး ရမှတ် ၄၉ မှတ်ဖြင့် အမှတ်ပေးဇယားကို လေးမှတ်ပြတ် ဦးဆောင်နိုင်ခဲ့သည်။

ပြိုင်ဘက် ဗယ်လာဒိုလစ်အသင်း က ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် လာလီဂါ ရှုံးပွဲ ၁၄ ပွဲ ရှိလာပြီ ဖြစ်သည်။

မြန်မာနိုင်ငံတစ်ဝန်းရှိအခြေခံပညာကျောင်းသား၊ကျောင်းသူများအတွက်သင်ကြားသင်ယူမှုတွင်အကောင်းဆုံးအထောက်အကူဖြစ်စေရန်ရည်ရွယ်ပြီး၊ ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ်အခြေခံ၍ အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ပါမောက္ခ ဆရာကြီး၊ ဆရာမကြီးများနှင့် ဝါရင့် ဆရာကြီး၊ ဆရာမကြီးများ ပြုစုရေးသားကြီးကြပ်တည်းဖြတ်ထားသည့် လွယ်ကူလေ့လာအင်္ဂလိပ်စာ Grade-4 မှ Grade-12 အထိ တန်းစဉ် အောင်ချက်မြင့်မားရေးအတွက် **ကြိုတင်ပြင်ဆင်အောင်ပွဲဝင် နမူနာမေးခွန်း လေ့ကျင့်ခန်းများနှင့် အဖြေစုံ**ကို ကျောင်းသား၊ ကျောင်းသူများ ကြိုတင်လေ့လာ လေ့ကျင့်နိုင်ရန် တနင်္လာနေ့တိုင်း ဖော်ပြပေးမည်ဖြစ်ပါသည်။ **မြန်မာ့အလင်းစာတည်းအဖွဲ့**

## Grade-4

### Section (A) Listening

I. Listen carefully to the teacher and match the phrases from Column A and Column B to make sentences. (2 marks)

| Column A | Column B |
|---|---|
| 1. You can go camping | a. in the mountains. |
| 2. You can go swimming | b. in the forest. |
| 3. You can go fishing | c. in the park. |
| 4. You can go hiking | d. in the lake. |
| 5. You can go sightseeing | e. in the stream. |

### Section (B) Reading

II. Read the following dialogue and fill in the blanks with the suitable words given in the box. (2 marks)

| | |
|---|---|
| I want some puddings, please. | Thants a lot. |
| | OK. It's 800 kyats. |
| OK. That will be 2400 kyats. | Yes, we do. |

Shopkeeper : Can I help you?
Customer : ....... (1) ....... Do you have any?
Shopkeeper : ....... (2) .......
Customer : How much is it?
Shopkeeper : ....... (3) .......
Customer : I want three, please.
Shopkeeper : ....... (4) .......
Customer : Here you are.
Shopkeeper : ....... (5) .......

### Section (C) Writing

III. Fill in the blanks with a suitable word. (2 marks)

1. I will tell you about my holiday .............. (plan).
2. I will visit my .............. (grandparent).
3. They .............. (live) in Nay Pyi Taw.
4. I will stay there for .............. (three) days.
5. I will visit the .............. (zoo) with my aunt and cousins.
6. At the zoo, we will buy ............. (fruit) for the animals.
7. We will have ice .............. (cream) there.
8. I will also go to the .............. (park) to go for a walk with my cousins.
9. I will play .............. (chess) with my grandfather in the evenings.
10. It will be .............. (great) fun.

Answer Keys

I. (A) 1. b 2. d 3. e 4. a 5. c

II. (B) 1. I want some puddings, please. 2. Yes, we do. 3. OK. It's 800 kyats. 4. OK. That will be 2400 kyats. 5. Thanks a lot.

III. (A) 1. plan 2. grandparents 3. live 4. three 5. zoo 6. fruits 7. creams 8. park 9. chess 10. great

## Grade-6

I. Complete the sentences with the appropriate words. The initial letters are given. (10 marks)

1. T............. is celebrating her twelfth birthday today.
2. Her friends are planning a s............. birthday party for her.
3. K............. wants to buy a book for Thuzar.
4. K............. wants to buy some s............. for her.
5. K............. wants to give Thuzar f............. as a gift.
6. L............. wants to give Thuzar fresh f............. because she was ill last week.
7. M............. thinks a s............. animal toy is the best gift.
8. Thuzar loves reading E............. stories.
9. Each friend has 3,000 k............. to spend.
10. Together, they have a total of 15,000 k.............

Answer Keys

I. 1. Thuzar 2. surprise 3. Kyaw Zin 4. Ko Khant, stationery 5. Kyi Thar, flowers 6. Lwin Lwin, fruits 7. Mie Mie, stuffed 8. English 9. kyats 10. kyats

## Grade-7

I. Complete the sentences with the appropriate words. The initial letters are given. (10 marks)

1. A weathervane has fixed shafts with c......... directions marked.
2. A r............... is a tool used for measuring rainfall.
3. The o............... cylinder in a rain gauge collects rainwater from the narrow cylinder.
4. The spinning c............... in a wind gauge measure wind speed.
5. A wind gauge shows speed using a d...............
6. A thermometer's marks are divided into C............... and Fahrenheit scales.
7. Weathervanes are placed on r............... to accurately detect wind direction.
8. Meteorologists rely on s............... tools to study weather conditions.
9. The m............... inside a thermometer expands with heat.
10. A rain gauge must be placed away from b............... and trees.

Answer Keys

I. 1. cardinal 2. rain gauge 3. outer 4. cups 5. dial 6. Celsius 7. rooftops 8. specialized 9. mercury 10. buildings

## Grade-5

### Section (A) Listening

I. Listen carefully to the teacher and write True or False. (5 marks)

| Example - 1. cleam | (1) True |
|---|---|

1. omelette (1) ..............
2. restaurant (2) ..............
3. fast (3) ..............
4. patients (4) ..............
5. vet (5) ..............

### Section (B) Reading

II. Read the following dialogue and fill in the blanks with the suitable words given below. (10 marks)

| | | | |
|---|---|---|---|
| birthday | I'm | old | December |
| doing | and | guitars | Interested |

Win Yu : Hello, Thinn Nu. How ....... (1) ....... are you?
Thinn Nu : ....... (2) ....... 10.
Win Yu : When is your ....... (3) .......?
Thinn Nu : It's on the 14th of ....... (4) .......
Win Yu : What are you ....... (5) ....... in?
Thinn Nu : Cameras and ....... (6) .......
Win Yu : Cool! What do you like ....... (7) ....... in your free time?
Thinn Nu : I like reading book ....... (8) ....... playing the guitar.

### Section (C) Writing

III. Supply the correct form of the verb given in the brackets. (5 marks)

1. I............. (be) interested in stories and animals. (1) .............
2. I ............. (want) to be a teacher when I grow up. (2) .............
3. I ............. (not like) doing arts and crafts. (3) .............
4. I ............. (love) singing. (4) .............
5. I ............. (be) in Grade 5. (5) .............

Answer Keys

I. 1. True 2. True 3. True 4. False 5. True

II. 1. old 2. I'm 3. birthday 4. December 5. interested 6. guitars 7. doing 8. and

III. 1. am 2. want 3. don't like 4. love 5. am

## Grade-8

I. Complete the sentences with the appropriate words. The initial letters are given. (10 marks)

1. W.......... instruments produce music when air is blown into them.
2. The flute and the C ............. are usually made of wood.
3. The trumpet, the trombone, and the S .......... are made of brass.
4. P.......... instruments produce sounds when struck or beaten.
5. We use a D .......... to strike the bass drum or the side drum.
6. The C.......... produce a sound when hit together.
7. The triangle is struck with a M.......... bar to produce a sound.
8. We S ........... or hit the tambourine to produce a sound.
9. The major M............ is held by the conductor in a school band.
10. The F.......... and the clarinet are made of wood.

Answer Keys

I. 1. Wind 2. clarinet 3. saxophone 4. Percussion 5. drumstick 6. cymbals 7. metal 8. shake 9. mace 10. flute

အခြေခံပညာအင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှု တစ်စုံတစ်ရာမရှိ၍ဖြစ်စေ၊ ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလို၍ဖြစ်စေ စီစဉ်သူ ဆရာဦးစိုးစံ (English for Students Supplement Editorial Group) ဖုန်း - 09 981163924 ထံ ဆက်သွယ်မေးမြန်း အကြံပြုနိုင်ပါသည်။

## လပွတ္တာမြို့နယ်၌ နွေစပါးစိုက်ခင်းများအတွက် ဓာတ်မြေဩဇာပေးအပ်

**လပွတ္တာ ဇန်နဝါရီ ၂၆**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ရွှေပြည်သာကျေးရွာ ဇေယျာသုခိတာရာမကျောင်းတိုက်၌ ဇန်နဝါရီ ၂၄ ရက်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သော နွေစပါးသွင်းအားစု ဓာတ်မြေဩဇာပေးအပ်ပွဲ ကျင်းပသည်။



အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလွင်ကိုဦးက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကြေးကျန်များ ပြန်လည်ပေးဆပ်နိုင်ရေး ရှင်းလင်းပြောကြားသည်။ ဆက်လက်ပြီး ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး အောင်ဖုန်းဟန်က အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသူရနှင့် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှူး ဦးမျိုးအောင်တို့က နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ ၈၆ ဘီလီယံဖြင့် ဆောင်ရွက်သည့် နွေစပါးစီမံကိန်းအတွက် သွင်းအားစုများ ပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ၈၆ ဘီလီယံဖြင့် ဆောင်ရွက်မည့် နွေစပါးစီမံကိန်းအတွက် သွင်းအားစု ဓာတ်မြေဩဇာများကို တောင်သူများ လက်ဝယ်အရောက် ပေးအပ်ကာ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) ပြုလုပ်သုံးစွဲနည်းနှင့် အကျိုးကျေးဇူးများအကြောင်း သိကောင်းစရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။ **ဟိန်းထက်လင်း(ပြန်/ဆက်)**

## အလုပ်တွင် ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် လူမှုဖူလုံရေးဥပဒေအရ အကျိုးခံစားခွင့်ထုတ်ပေး

**ပုသိမ် ဇန်နဝါရီ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြို့နယ်လူမှုဖူလုံရေးရုံးတွင် အကျုံးဝင် မှတ်ပုံတင်ထားသည့် ပုသိမ် သစ်ထုတ်ရေးဒေသရုံးမှ လုပ်ငန်းခွင်အတွင်း ထိခိုက်ဒဏ်ရာရရှိ သေဆုံးမှုကြောင့် ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေအရ အကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးခြင်း အခမ်းအနားကို အဆိုပါရုံး၌ ဇန်နဝါရီ ၂၄ ရက်က ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုဖူလုံရေးအဖွဲ့မှ တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးရဲဇော်ဝင်းက ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး အလုပ်တွင် ထိခိုက်မှုကြောင့် သေဆုံးခဲ့သည့် အာမခံအလုပ်သမား ဦးစောလွယ်ထူး (ခ) လွယ်ထူး၏ ကျန်ရစ်သူ အကျိုးခံစားခွင့် ငွေလုံးငွေရင်း ငွေကျပ် ၉၉ သိန်းနှင့် သေဆုံးမှုအတွက် နာရေးစရိတ်ငွေကျပ် ၉၉၀၀၀၀ စုစုပေါင်းငွေကျပ် ၁၀၈ သိန်း ၉ သောင်းကို ကျန်ရစ်သူမိသားစုထံ ပေးအပ်ခဲ့ကြောင်း သိရသည်။



ခရိုင်(ပြန်/ဆက်)

## သထုံမြို့နယ်၌ ကျောင်းတွင်းအာဟာရကျွေးမွေးရေး လုပ်ငန်းညှိနှိုင်း



**သထုံ ဇန်နဝါရီ ၂၆**

မွန်ပြည်နယ် သထုံမြို့နယ်၏ ကျောင်းကျန်းမာရေးကော်မတီ အစည်းအဝေးနှင့် ကျောင်းတွင်း အာဟာရကျွေးမွေးခြင်း ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၂၄ ရက်က ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မိုးစိုးက အမှာစကားပြောကြားသည်။ အခြေခံပညာကျောင်းများ၌ ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းကို ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့တွင် ပြုလုပ်သွားမည်ဖြစ်ရာ ခရိုင်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာသန်းဦးက ဆောင်ရွက်ရမည့် လုပ်ငန်းစီမံချက်များကို ရှင်းလင်းဆွေးနွေးကာ မြို့နယ်ပညာရေးမှူး ဦးမြင့်ထွေးက လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## မြောင်းမြမြို့၌ မီးဘေးလုံခြုံရေး သရုပ်ပြလေ့ကျင့်

**မြောင်းမြ ဇန်နဝါရီ ၂၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် မီးသတ်ဦးစီးဌာနမှ မြန်မာ့ဆက်သွယ်ရေး(MPT)ရုံး၌ မီးဘေးလုံခြုံရေး သရုပ်ပြလေ့ကျင့်ခြင်းနှင့် မီးသတ်ဆေးဘူး လက်တွေ့အသုံးပြု မီးငြိမ်းသတ်ခြင်းကို ဇန်နဝါရီ ၂၄ ရက်က ဆောင်ရွက်သည်။

ထို့နောက် မြောင်းမြမြို့နယ် မီးသတ်စခန်းမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးမင်းလွင် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက သရုပ်ပြခြင်းနှင့် မြန်မာ့ဆက်သွယ်ရေးရုံးမှ လက်ထောက်အင်ဂျင်နီယာ ဒေါ်ခင်သန္တာထွန်းနှင့် ဝန်ထမ်းများက မီးလောင်မှုဖြစ်ပွားပါက အရေးကြီးစာရွက်စာတမ်းများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခြင်း၊ မီးသတ်ဆေးဘူး အသုံးပြု၍ လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ဇေယျာ(မြောင်းမြ)



## မကွေးမြို့၌ မီးဘေးလုံခြုံရေး အသိပညာပေး

**မကွေး ဇန်နဝါရီ ၂၆**

မီးဘေးလုံခြုံရေး အသိပညာပေးခြင်းနှင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြသခြင်းကို ဇန်နဝါရီ ၂၄ ရက်က မကွေးမြို့ မြို့ဟောင်းရပ်ကွက်၌ ဆောင်ရွက်သည်။ ထိုသို့ဆောင်ရွက်ရာတွင် မကွေးမြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးသူနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေး၊ လျှပ်စစ်မီးသွယ်တန်း အသုံးပြုမှုများကို စစ်ဆေးကာ အိမ်တိုင်းတွင် မီးသတ်ဆေးဘူးများ ထားရှိရေး၊ ရေကန်များ ရေအမြဲဖြည့်ထားရေး အသိပညာပေးခြင်းနှင့်အတူ မီးသတ်ဆေးဘူးအသုံးပြုနည်း လက်တွေ့သရုပ်ပြသခြင်းများကို ရပ်ကွက်နေပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## မော်လမြိုင်မြို့နယ်၌ သစ်တော၊ ရေသယံဇာတ ထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေး

**မော်လမြိုင် ဇန်နဝါရီ ၂၆**

မော်လမြိုင်မြို့နယ် သစ်တောဦးစီးဌာနက ပြည်သူများအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို သစ်တောဦးစီးဌာနရုံး၌ ဇန်နဝါရီ ၂၄ ရက်က ကျင်းပသည်။(အပေါ်ပုံ)

အဆိုပါဟောပြောပွဲတွင် ဒေသခံပြည်သူ ၆၀ တို့အား မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်စိုးနိုင်၊ တောအုပ်ကြီး ဦးအောင်ဇော်လတ်နှင့် ဦးဝင်းလှိုင်တို့က သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေး၊ မီးခိုးမြူငွေ့လျှော့ချရေးတို့ကို ဟောပြောခဲ့ကြကြောင်း သိရသည်။

ခင်စန်းမြင့်(ပြန်/ဆက်)




## ရွှေပြည်သာမြို့နယ်၌ အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေး ကော်မတီအဖွဲ့ဝင်များ စွမ်းရည်မြှင့်သင်တန်းဆင်း

**ရန်ကုန် ဇန်နဝါရီ ၂၆**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်တွင် အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနမှ အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေး ကော်မတီ(WCC)အဖွဲ့ဝင်များ စွမ်းရည်မြှင့်သင်တန်းဆင်းပွဲကို ဇန်နဝါရီ ၂၄ ရက်က သာဓုကန်စက်မှုဇုန်ကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ငွေဝင်းက သင်တန်းဆင်း အမှာစကား ပြောကြားပြီး သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်း လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။ အဆိုပါသင်တန်းကို နှစ်ရက် သင်ကြားပို့ချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



မြစ်ကြီးနားမြို့ မြို့ပေါ် ရပ်ကွက် များတွင် မီးဘေးကြိုတင်ကာကွယ်ရေး မီးချိတ်မီးကပ်၊ ရေ၊ သဲ၊ လှေကား၊ မီးသတ်ဆေးဘူးများထားရှိရန် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက အသံချဲ့စက်ဖြင့် လှည့်လည်ဆော်ဩခြင်းများကို ဇန်နဝါရီ ၂၃ ရက်က ဆောင်ရွက်စဉ်။

ချမ်းသာ(မြစ်ကြီးနား)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စွမ်းအင်ဝန်ကြီးဌာန
## ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန(ရုံးချုပ်)
## (နေပြည်တော်)
## လျှောက်လွှာခေါ်ယူခြင်း

၁။ စွမ်းအင်ဝန်ကြီးဌာန၊ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနတွင် လစ်လပ်လျက် ရှိသော အောက်ပါရာထူးနေရာများအတွက် ယှဉ်တွဲဖော်ပြပါ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ခန့်ထားမည့် ရာထူး | လစာနှုန်းထား | ပညာအရည်အချင်း | လစ်လပ်နေရာ |
|---|---|---|---|---|
| (က) | စာရင်းကိုင်(၂) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.Com/B.Econ/BBA/ B.Act | ကျား/မ (၅)နေရာ |
| (ခ) | စက်မှုစီမံရေး(၂)/ စစ်ဆေးရေးမှူး(၂) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.E(Civil) B.E (Electrical Power)/Electronics & Communication)/(Mechanical)/ (Petroleum) | ကျား/မ (၇)နေရာ |
| (ဂ) | ဓာတ်ခွဲကျွမ်းကျင်(၂) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.E(Chemical) B.Sc(Industrial Chemistry/Chemistry) | ကျား/မ (၈)နေရာ |
| (ဃ) | အငယ်တန်းစာရေး | ၁၈၀၀၀၀-၂၀၀၀- ၁၉၀၀၀၀ | ဘွဲ့တစ်ခုခုရရှိရမည်။ | ကျား/မ (၁၀)နေရာ |
| (င) | စက်မှုစီမံရေး(၄)/ စစ်ဆေးရေးမှူး(၄) | ၁၈၀၀၀၀-၂၀၀၀- ၁၉၀၀၀၀ | A.G.T.I(ဒီပလိုမာ) | ကျား/မ (၁၅)နေရာ |
| (စ) | ဒုတိယလက်ထောက် ဦးစီးမှူး | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | A.G.T.I(ဒီပလိုမာ)/T.H.S/ I.T.C/ဘွဲ့တစ်ခုခုရရှိရမည်။ | ကျား/မ (၁၅)နေရာ |
| (ဆ) | ဓာတ်ခွဲကျွမ်းကျင်(၄) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | B.Sc(Industrial Chemistry/Chemistry) | ကျား/မ (၅)နေရာ |
| (ဇ) | ဒုတိယလက်ထောက် ကွန်ပျူတာလုပ်ဆောင်ရေးမှူး | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ဘွဲ့တစ်ခုခု + ကွန်ပျူတာ ကျွမ်းကျင် | ကျား/မ (၁၀)နေရာ |
| (ဈ) | လုပ်သား | ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀ | အနည်းဆုံးပညာအရည်အချင်း အခြေခံပညာအလယ်တန်း အောင်မြင်ရမည်။ | ကျား/မ (၄၆)နေရာ |
| (ည) | သန့်ရှင်းရေးအကူ | ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀ | အနည်းဆုံးပညာအရည်အချင်း မူလတန်းရှိရမည်။ | ကျား/မ (၄)နေရာ |

၂။ လစ်လပ်ရာထူးနေရာများအတွက် အောက်ပါအချက်အလက်များနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) လျှောက်ထားသူများသည် ၃၁-၁၂-၂၀၂၄ ရက်နေ့တွင် အသက်(၃၀)နှစ်ထက် မကျော်လွန်သူ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဂ) လျှောက်ထားသူသည် လုပ်သားရာထူးဖြစ်ပါက ၃၁-၁၂-၂၀၂၄ ရက်နေ့တွင် အသက် (၄၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဃ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါပြည့်စုံသန်စွမ်းသူဖြစ်ရမည်။

(င) အမှတ်စဉ်(က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င)၊ (စ) နှင့် (ဆ) ရာထူးတို့အတွက် ကွန်ပျူတာကျွမ်းကျင်သူဖြစ်ရမည်။

(စ) ရွေးချယ်ခြင်းခံရသူများသည် ဌာနတွင် အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး နေရာဒေသမရွေးသွားရောက် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိပြု လက်မှတ်ရေးထိုးနိုင်ရမည်။

၃။ လျှောက်လွှာပုံစံများကို စွမ်းအင်ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာဖြစ်သည့် https:\\ www.energy.gov.mm နှင့် ရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၏ အင်တာနက်စာမျက်နှာဖြစ်သည့် https:\\ www. pprd. gov.mm တို့တွင်လည်းကောင်း Download ရယူနိုင်ပါသည်။

(လျှောက်လွှာရောင်းချခြင်း/ထုတ်ပေးခြင်း မပြုပါ)လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါအချက်အလက်များ ပြည့်စုံစွာပါရှိရမည်-

(က) ပညာအရည်အချင်းအထောက်အထားမိတ္တူမှန်။(စာမေးပွဲဖြေဆိုသည့်အခါ မူရင်းတင်ပြနိုင်ရမည်။) (ဘွဲ့လက်မှတ်၊(၁၀) တန်းအောင်လက်မှတ်။)

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။

(ဂ) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)မိတ္တူ။

(ဃ) ပြစ်မှုကင်းရှင်းကြောင်းသက်ဆိုင်ရာရဲစခန်း၏ ထောက်ခံစာမူရင်း။ (တစ်လအတွင်း။)

(င) လိပ်စာဖော်ပြပါဒေသတွင် အမှန်တကယ်နေထိုင်ကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံစာမူရင်း။ (တစ်လအတွင်း။)

( စ ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း ရိုက်ကူးထားသော ရောင်စုံလိုင်စင်ဓာတ်ပုံ(၃)ပုံ။ (နောက်ကျောတွင် အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်အသားဖော်ပြရန်။)

(ဆ) ဝန်ထမ်းမဟုတ်သူများအတွက် သက်တမ်းရှိသော အလုပ်သမားမှတ်ပုံတင်ကတ်ပြား မိတ္တူ။(ဖြေဆိုခွင့်ကတ်ပြား ထုတ်ယူချိန်တွင် မူရင်းတင်ပြနိုင်ရမည်။)

(ဇ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်မူရင်း။

(ဈ) ပြင်ပပုဂ္ဂိုလ်များအနေဖြင့် နိုင်ငံ့ဝန်ထမ်းအဖြစ် လုပ်ကိုင်ခဲ့ဖူးခြင်းမရှိကြောင်းနှင့် အပြစ်ပေးအရေးယူခံရခြင်းမရှိကြောင်း ကိုယ်တိုင်ဝန်ခံချက်။

၄။ လျှောက်လွှာများကို တင်သွင်းရာတွင် ညွှန်ကြားရေးမှူးချုပ်၊ ရေနံထွက်ပစ္စည်းကြီးကြပ် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၆)၊ နေပြည်တော်သို့ လိပ်စာတပ်ပြီး လူကိုယ်တိုင်လာရောက်၍ သော်လည်းကောင်း၊ စာတိုက်မှ မှတ်ပုံတင်ပြုလုပ်၍ သော်လည်းကောင်း၊ သက်ဆိုင်ရာ ပြည်နယ်/ တိုင်းဒေသကြီး ကြီးကြပ်စစ်ဆေးရေးအရာရှိရုံးများသို့လည်းကောင်း ၁၇-၂-၂၀၂၅ ရက်နေ့ အရောက်ပေးပို့လျှောက်ထားရမည်။

၅။ သတ်မှတ်ထားသည့် စာရွက်စာတမ်း မပြည့်စုံလျှင်သော်လည်းကောင်း၊ သတ်မှတ်ထားသောရက်ထက် နောက်ကျရောက်ရှိလျှင်သော်လည်းကောင်း လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၆။ အမှတ်စဉ်(က)မှ(ဇ)အထိ ရာထူးများသို့ လျှောက်ထားသူများအနေဖြင့် ရေးဖြေစာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတဘာသာရပ်များကိုဖြေဆိုရမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲ ကျင်းပမည့်နေ့ရက်၊ နေရာ၊ အချိန်နှင့် ဖြေဆိုခွင့်ရရှိသူ အမည်စာရင်းအား အထက်ပါ အင်တာနက်စာမျက်နှာတို့တွင် ကြိုတင်ကြေညာပေးသွားမည်ဖြစ်ပါသည်။

၇။ လတ်တလောအခြေအနေများအရ ရေးဖြေစာမေးပွဲအား ရုံးအမှတ်(၆) နေပြည်တော်နှင့် ပြည်နယ်/ တိုင်းဒေသကြီး ကြီးကြပ်စစ်ဆေးရေးအရာရှိရုံးများ (ကချင်ပြည်နယ်/ကယားပြည်နယ်/ကရင်ပြည်နယ်/ ချင်းပြည်နယ်/ရခိုင်ပြည်နယ်/ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှအပ)တို့တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသဖြင့် ရေးဖြေ ဖြေဆိုလိုသည့်နေရာအား တိကျစွာ ထည့်သွင်းဖော်ပြ လျှောက်ထားရမည်။

၈။ လုပ်သားရာထူးသို့ လျှောက်ထားသူများအား လူတွေ့စစ်ဆေးခြင်းကို ပြည်ထောင်စုနယ်မြေ ၊ နေပြည်တော်နှင့် ပြည်နယ်/တိုင်းဒေသကြီး ကြီးကြပ်စစ်ဆေးရေးအရာရှိရုံးများတွင် ပြုလုပ်သွားမည် ဖြစ်ပြီး ပြုလုပ်သွားမည့်အစီအစဉ်ကို ထပ်မံအကြောင်းကြားမည်ဖြစ်ပါသည်။

၉။ အသေးစိတ်သိရှိလိုပါက ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ၊ ဖုန်းနံပါတ် ၀၆၇-၃၄၁၁၄၈၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပြီး ရေးဖြေစာမေးပွဲ အောင်မြင်သူများ၏ အမည်စာရင်းအား အထက်ပါ အင်တာနက်စာမျက်နှာများတွင် ထုတ်ပြန်ကြေညာသွားပါမည်။

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/44400. Honda Wave-110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်စိုး ၁၄/ပသန(နိုင်)၂၅၄၅၁၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/96359, Honda Scoopy-110 ယာဉ်လက်ဝယ်ရှိသူ Jiafa Group Trading-Co.,Ltd.က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် W/60921, Honda C-90,Custom CMV ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်မောင် ၉/မနမ(နိုင်)၀၂၈၈၇၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3W/79566, ယာဉ်အမည်ပေါက်သူ ဦးကျော်သက် ၇/တငန(နိုင်)၀၀၂၂၉၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(တောင်ငူ)**

---

### လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင် အိတ်ဖွင့်တင်ဒါ အမှတ်စဉ်(၃)ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ ကျိုင်းတုံခရိုင်အတွင်းရှိ လမ်းအထူးအဖွဲ့(၃)နှင့် ကျိုင်းတုံမြို့နယ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုငွေလုံးငွေရင်း(ဖြည့်စွက်) ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်းလုပ်ငန်းများအတွက် အသုံးပြုရန် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းနှင့် ဝန်ဆောင်မှုများကို သက်ဆိုင်ရာလမ်းပိုင်းအလိုက် လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ရယူလိုပါသဖြင့် တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်။

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၇-၁ -၂၀၂၅ ရက်မှ ၁၀-၂-၂၀၂၅ ရက်အထိ (ရုံးချိန်အတွင်း)

( ခ ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကျိုင်းတုံမြို့

( ဂ ) **တင်ဒါလျှောက်လွှာပိတ်မည့် ရက်/အချိန်** - ၁၁ - ၂ - ၂၀၂၅ ရက်၊ ၁၆:၀၀ နာရီ

(ဃ) **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - ၁၃-၂-၂၀၂၅ ရက်၊ နံနက် ၁၀း၀၀ နာရီ

( င ) **တင်ဒါဖွင့်လှစ်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကျိုင်းတုံခရိုင်၊ ကျိုင်းတုံမြို့

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကျိုင်းတုံမြို့သို့ ရုံးချိန်အတွင်း ဖုန်း-၀၈၄- ၂၁၂၁၀၃၁ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

---

### လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင် အိတ်ဖွင့်တင်ဒါ အမှတ်စဉ်(၂)ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့နယ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု/ပြည်နယ်ငွေလုံးငွေရင်း (ဖြည့်စွက်)ရန်ပုံငွေဖြင့် လမ်းလုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော လုပ်ငန်းသုံးပစ္စည်းနှင့်ဝန်ဆောင်မှုများကိုသက်ဆိုင်ရာလမ်းပိုင်းအလိုက် လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ရယူလိုပါသဖြင့် တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်။

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၇ - ၁ - ၂၀၂၅ ရက်မှ ၁၀-၂-၂၀၂၅ ရက်အထိ (ရုံးချိန်အတွင်း)

( ခ ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ တာချီလိတ်မြို့

( ဂ ) **တင်ဒါလျှောက်လွှာပိတ်မည့် ရက်/ အချိန်** - ၁၁-၂-၂၀၂၅ ရက်၊ ၁၆:၀၀ နာရီ

(ဃ) **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - ၁၃-၂-၂၀၂၅ ရက်၊ နံနက် ၁၀:၀၀ နာရီ

( င ) **တင်ဒါဖွင့်လှစ်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တာချီလိတ်မြို့သို့ ရုံးချိန်အတွင်း ဖုန်း-၀၈၄-၅၁၀၁၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

---

### ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ ပုညဝမုနလမ်း၊ အမှတ် (၂၉)ဟုခေါ်တွင်သော (၁)ခန်းတည်း (၈)ထပ်တိုက်၏ ၈-လွှာ၊ အကျယ် အဝန်း(၃၀ ပေ x ၆၀ ပေ)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်လိပ်စာပါတိုက်ခန်းကို အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးကျော်ဇေယသက်တင် ၁၄/ဒဒရ(နိုင်)၁၀၈၄၁၈ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်နွဲ့ယဉ်အေးသူ ၃/ကကရ(နိုင်)၀၇၇၃၂၁ က အပြီးအပိုင်ဝယ်ယူရန် သဘောတူသည့်အလျောက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ပြုလုပ်သည့်တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ အရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ် စာချုပ်ချုပ်ဆိုကာ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘူမောင်(LL.B) (စဉ် ၂၂၇၄၇) ဒေါ်ဖြိုးဖြိုးအောင်(LL.B) (စဉ်-၄၈၄၃၁)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၅၁၈၃၅၆၉**

---

### နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ သာသနာ့ဗိမ္မာန်လမ်း၊ ၁၄/၃၄၁၊ ရွှေကျောင်းလမ်းသွယ်နေ (ဘ) ဦးအောင်ခင်၏ သားဖြစ်သူ ဦးသီဟအောင် ၇/တငန(နိုင်) ၁၂၄၄၁၄ နှင့် ထန်းတပင်မြို့နယ်၊ ဇရပ်ကြီးမြို့၊ ကျုံပါ(ခ)ရပ်ကွက်၊ ဈေးတန်းပိုင်း၊ အိမ်အမှတ် - ၄၀ နေ ( ဘ ) ဦးမျိုးမြင့်လတ် ၏ သမီးဖြစ်သူ ဒေါ်နေခြည်ဖြိုးဝေ ၇/ထတပ(နိုင်)၀၅၉၆၈၈ ကိုင်ဆောင်သူတို့သည် (၂၀-၄-၂၀၂၄)ရက်နေ့တွင် အသိသက်သေများရှေ့မှောက်၌ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ပါ၍ ဦးသီဟအောင် နှင့် ပတ်သက်သည့် ကိစ္စအဝဝအား ကျွန်မ ဒေါ်နေခြည်ဖြိုးဝေ နှင့် လုံးဝသက်ဆိုင်ခြင်း မရှိပါသောကြောင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နေခြည်ဖြိုးဝေ**
**၇/ ထတပ(နိုင်)၀၅၉၆၈၈**

---

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် (သ-၁)၊ ဦးပိုင်အမှတ်(၁၆)၊ ၇၃x၇၄ကြား၊ ၁၁၅x၁၁၆လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးစိုင်းဆမ် ၁၃/မဆတ(နိုင်)၀၀၆၃၀၁က အမှုတွဲအမှတ် (၆၁၉၀/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 44W/81736, Honda Wave 110 M/C ယာဉ်လက်ဝယ် ရှိသူ ဦးကျော်ဝင်း ၃/ဘအန(နိုင်)၀၁၂၁၄၆ က (ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်နှင့်ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

---

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ သုခဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်ရှိ မြေကွက်အမှတ်(ပ-၂၂၄၇၅)ကို အမည်ပေါက် ဦးကျော်မြင့်(ဘ)ဦးလှဒင် ၉/ဝတန(နိုင်)၀၀၈၂၃၆(တရားရှုံး)ကိုယ်စား ပုဗ္ဗသီရိမြို့နယ်တရားရုံး၏ ဘီလစ် စာရေး ဦးကျော်ဆန်းဦး (ဘ)ဦးသံချောင်း ၉/တကန(နိုင်)၁၀၃၉၂၄ မှ မြေငှားစာချုပ်တွင် လက်ဗွေနှိပ်၊ လက်မှတ်ရေးထိုးထုတ်ယူခွင့်ပြုပါရန် ပုဗ္ဗသီရိမြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ် ၅၀/၂၀၂၄၊ တရားမဇာရီမှုအမှတ် ၃၄/၂၀၂၄၊ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်း၊ မြေပေးစလစ်(မူရင်း)၊ လူနေအိမ်ဆောက်လုပ်ပြီးစီးကြောင်း ထောက်ခံစာ၊ မြေကွက်ဖိုး ပေးသွင်းချလန်၊ မြေပြင်အခြေအနေပြဓာတ်ပုံတို့တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

### သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါ က တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/57514, Flymo-125,M/C ယာဉ်လက်ဝယ်ရှိသူ Toyomax Trading Co., Ltd.က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ် (၇၅/က)၊ (အလျားပေ ၂၀ x အနံပေ၆၀)၊ (၀.၀၂၇၅)ဧကရှိသော ဦးသန်းဇော်မိုး ၁၂/လမန(နိုင်) ၁၁၉၀၉၉) အမည်ပေါက် နှစ် (၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၇၅/က)၊ သူရ(၁)လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟု ခေါ်တွင်သည့် နေအိမ်နှင့် ယင်းနေအိမ်နှင့်တွယ်ကပ်လျက်ရှိသော ရေမီးမော်တာအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ဦးသန်းဇော်မိုးမှ ၎င်းကသာ လက်ရောက်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းစွာဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းချငွေတန်ဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီး ဖြစ်ပါသည်။

ဤအရောင်းအဝယ်ကို ပိုင်ရေးဆိုင်ခွင့်ရှိသူတို့မှ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစပြီး (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်ထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဒေါ်လွင်လွင်ခိုင်** | **ဦးကျော်စွာဝင်း** | **ဒေါ်ဟန်သီတိုး** |
| **(LL.B, D.B.L, D.I.L)** | **(LL.B, LLM)** | **(LL.B, D.B.L)** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဥ် -၂၄၃၄၅)** | **(စဥ်-၄၅၀၉၁)** | **(စဥ် -၅၀၅၃၂)** |

**အမှတ်(၆၂၇)၊(၁၁)လမ်း၊(၇)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၈၇၃၃၂၂၅၆၁၊ ၀၉-၄၂၁၁၂၇၇၂၃**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁)၊ ကွင်း/အကွက်အမှတ်နှင့်အမည်(RA-III)ကွက်ပြင်)၊ ဦးပိုင်အမှတ် (၇၇ယ-၂၂၉က)၊ မြေကွက်အမှတ်(20/268-335/370)၊ မြေဧရိယာ အကျယ်အဝန်း (၀ဒသမ ၇၂)ဧကထဲမှ အရှေ့(၁၁၀)ပေ၊ အနောက်(၁၀၀)ပေ၊ တောင်(၅၅)ပေ၊ မြောက်(၅၆)ပေ၊အကွက်အမှတ်(က)လက်ရှိမြေပေါ်ရှိအတိုင်းအတာနှင့်မြေနှင့်မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး၊ (အုတ်တံတိုင်း၊ သံပန်း၊ သံတံခါးခတ်အပြီးအစီး)တို့ကို ဒေါ်ခင်ဆွေဦး ၁၃/ကမန(နိုင်)၀၀၁၀၅၅ထံမှ ဒေါ်နန်းယဉ်မိုင် ၉/ပသက(ပြု) ၀၀၀၀၇၂က(အရပ်ကတိစာချုပ်)ဖြင့် စရန်ငွေပေးချေခဲ့ပြီး ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။

အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာသည့်ရက်မှစ၍ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်နန်းယဉ်မိုင်** | **ဦးနေမျိုးဇော်(LL.B,D.B.L)** |
| ၉/ပသက(ပြု)၀၀၀၀၇၂ | တရားလွှတ်တော်ရှေ့နေ |
| | ရပ်ကွက်ကြီး(၁)၊ ယူဂိုစလပ်၊ ပြင်ဦးလွင်မြို့ |

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
## ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၀

၁။ ဦးစိန်ကွမ်း(ခ)ဦးသိန်းမြင့် နှင့် ဦးဝင်းသိန်း
၂။ ဦးလှိုင်ရှင်(ခ)ဦးကျော်ထွန်း
၃။ ဦးမောင်ရီ
၄။ ဦးမောင်မောင်ဝင်း

**တရားလိုများ** **တရားပြိုင်**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက်(နန-၅/၁၅)နေ ဦးဝင်းသိန်း(ဘ)ဦးစိန် (ယခုနေရပ် လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ၁။ ဦးစိန်ကွမ်း(ခ)ဦးသိန်းမြင့်၊ ဦးလှိုင်ရှင်(ခ) ဦးကျော်ထွန်း၊ ၃။ ဦးမောင်ရီ၊ ၄။ ဦးမောင်မောင်ဝင်းတို့က မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ) ရပ်ကွက်၊ အကွက်အမှတ်(လလ-၅၈)၊ ဦးပိုင်အမှတ်(၄၇+၄၈)၊ ဧရိယာ(၀.၁၁၀၂)ဧကရှိ ဦးဝင်းသိန်းအမည်ပေါက် ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက် (၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ်သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဆွေမာလှိုင်)**
**ဒုတိယမြို့နယ်တရားသူကြီး(၃)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၂)၊ မြေတိုင်း(၉)၊ ဦးပိုင်အမှတ်(၃၁၂)၊ဧရိယာ(၀.၁၈၄)ဧကရှိမြေကွက်သည် ဗိုလ်ချုပ်တင်ငွေအမည်ဖြင့်ဂရန်ရရှိထားသောမြေကွက်ဖြစ်ပြီး ဦးတင်ငွေနှင့်ဇနီးဖြစ်သူ ဒေါ်လှလှသိန်းတို့သည် ကွယ်လွန်ခဲ့ကြပြီးဖြစ်သည့်အတွက် တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်တင်ပပသိန်း ၁၀/သထန(နိုင်)၀၆၉၉၂၉မှ အဆိုပါ မြေကွက်အား အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် လွှဲပြောင်းရောင်းချနိုင်ခွင့်ရှိကြောင်း ဝန်ခံသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်၊

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဟိန်းပြည့်စုံအောင်၊ LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ် ၁၄၀၅၅)(၂၉-၁၂-၂၀၁၇)**
**အမှတ်(၁၉၆)ခေမာလမ်း၊ကျွန်းသာယာရပ်ကွက်၊ပဲခူးမြို့၊**
**ဖုန်း-၀၉-၂၅၀၃၉၁၅၀၀**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊နည်းဥပဒေ-၂၀)
## ပြင်ဦးလွင်မြို့နယ်တရားရုံးတော်
## ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ် (၆၂)

၁။ ဦးထွန်းအောင်ကျော် နှင့် ဗိုလ်မှူးသန်းထွန်း
၂။ ဒေါ်နေနွယ်အောင်
၃။ ဦးဇင်လင်းအောင်
၄။ ဦးချမ်းငြိမ်းအောင်(၎င်းတို့၏ အခွင့်ရ ကိုယ်စားလှယ် ဦးအောင်မြင့်)

**(တရားလိုများ)** **(တရားပြိုင်)**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၈)၊ စွယ်တော်လမ်း၊ အမှတ်(ဒ-၇)နေ တရားပြိုင် ဗိုလ်မှူးသန်းထွန်း(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးထွန်းအောင်ကျော်၊ ဒေါ်နေနွယ်အောင်၊ ဦးဇင်လင်းအောင်၊ ဦးငြိမ်းချမ်းအောင်(၎င်းတို့၏အခွင့်ရ ကိုယ်စားလှယ် ဦးအောင်မြင့်)က မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ(သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလ ၄ရက်(၁၃၈၆ခုနှစ် တပို့တွဲလဆန်း ၇ရက်) မွန်းမတည့်မီ ၁၀နာရီ အချိန်တွင် အထက်ကအမည်ရေးသား ပါရှိသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကိုသင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စိုးနိုင်လင်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ပြင်ဦးလွင်မြို့နယ်တရားရုံး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပြင်ဦးလွင်မြို့၊ အမက(၂၁)တွင် လက်ထောက်မူလတန်းပြရာထူးဖြင့် တာဝန်ထမ်းဆောင်လျက်ရှိသော ဒေါ်ခိုင်ဇာကြည်လင်း(ခ)ဒေါ်ခိုင်ဇာကြည်လင်(ခ)ဒေါ်ခိုင်ဇာခြည်လင်း ၉/သစန(နိုင်) ၁၁၉၁၃၄၏ ဖခင်ဖြစ်သူအမည်မှန်မှာ ဦးကြည်လင်နှင့် ဦးကြည်လင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးကြည်လင်(ခ)ဦးကြည်လင်း**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ ကွင်း/အကွက်အမှတ်၊ RA V/ကွက်ပြင်၊ ဦးပိုင်အမှတ်(၄၉ - ၂၃ )၊ မြေဧရိယာ (၀.၀၇၉)ဧကရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးနန္ဒကျော် ပါ(၃)ဦး ၉/မရတ (နိုင်) ၁၁၆၁၁၈မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်ထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ ကွင်း/အကွက်အမှတ် RA-V/ကွက်ပြင်၊ ဦးပိုင်အမှတ်(၄၂ - စ)၊ မြေဧရိယာ (၀.၂၀)ဧကရှိ မြေကွက်အား မြေငှားဂရန် (သက်တမ်းတိုး၊ အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဦးခင်မောင်သွင် ၁၂/ပဘတ (နိုင်)၀၁၀၁၇၅မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင် / မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၀)၊ နေကြာလမ်း၊ မြေကွက်အမှတ် (၃၀၈)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဒေါ်မင်းမင်းသန်း (၁/ဗမန (နိုင်) ၀၅၅၈၉၉) (OPO-၀၉၄၃၀၀) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ် (၃၀၅)နှင့်ကပ်လျက် (၂၀ပေ × ၆၀ပေ)ရှိ မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဒေါ်မင်းမင်းသန်း ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)** | **အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)** |

**၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)
## ပြင်ဦးလွင်မြို့နယ် တရားရုံးတော်
## ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ် ၇

ဦးရီဟာန်(ခ)ဦးအောင်နိုင်စိုး နှင့် ဦးမြတ်ငွေး

**တရားလို** **တရားပြိုင်**

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၃)နေ တရားပြိုင် ဦးမြတ်ငွေး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

